ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ သောကြာနေ့၊ (15-8-2003) (၃၉၆၃)

ပုဗ္ဗေ စ ကတပုညတာ တော် မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၅

၂၀၀၃ခုနှစ် ဩဂုတ် ၁၅ရက်၌ကျရောက်သည့် ကိုရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာနိုမူဟွန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဘဏ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Export-Import Bank မှ Chairman And President, Mr. Yang Zilin နှင့် အဖွဲ့အား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun နှင့် Economic & Commercial Counsellor, Mr. Jin Honggen တို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

ယနေ့ထုတ် စောင်ရေ ၂၁၀၉၄၅

သယ်ယူ

တွဲသစ်များ ထုတ်လုပ်ရန်နှင့် တွဲဟောင်းများ ပြုပြင်ရာတွင် အသုံးပြုသည့် သံမဏိစက်ရုံက ရောက်ရှိလာသော သံမဏိ သံပြားကြီးများကို ဝန်ချီစက် အကြီးစားကြီးများဖြင့် သယ်ယူနေသည်ကို မြစ်ငယ်စက်ရုံ၌ ဤသို့တွေ့ခဲ့ရသည်။

(ဓာတ်ပုံမှတ်တမ်း– ရေချမ်းမြင့်)

ခေတ်မီလူစီးရထားတွဲနှင့် ကုန်တွဲများ အောင်မြင်စွာတည်ဆောက်ပေးနေသည့် မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံ

ကွင်းဆင်းလေ့လာရေးသားသူ – ခရမ်းစိုးမြင့်

ဓာတ်ပုံမှတ်တမ်းတင် – ရေချမ်းမြင့်

ရန်ကုန် ဩဂုတ် ၁၄

ယခုနှစ် ဇွန်လတတိယပတ်က ကြေးမုံသတင်းအဖွဲ့သည် မန္တလေးသို့ ရောက်ခဲ့ကြသည်။

မန္တလေးရှိ မြန်မာ့မီးရထားဧည့်ရိပ်သာမှ စထွက်၍ ကားကို ဘယ်ဘက်သို့ ချိုးကွေ့ မောင်းလိုက်သောအခါ ခံ့ညားထည်ဝါလှသည့် မန္တလေးဘူတာရုံသစ်ကြီးကို တွေ့ရသည်။ ဘူတာကြီးကိုလွန်တော့ လမ်း၏ဝဲဘက်တွင် ရတနာပုံဈေးသစ်ကြီးကိုလည်း လှပစွာတွေ့ရပြန်သည်။

ထိုမှလွန်သော် ကျွဲဆည်ကန်မြို့သစ်သည် အိမ်ရာတိုက်တာများ၊ အဝေးပြေး ကားဂိတ်ကြီးများဖြင့် စည်ကားနေပြန်၏။ နောက် မန္တလေးစွယ်တော်မြတ်စေတီကြီးကို သပ္ပာယ်စွာ ဖူးတွေ့ရသဖြင့် ကားပေါ်မှ ဦးချလိုက်မိသည်။

ကြေးမုံသတင်းအဖွဲ့ကို တင်ဆောင်လာသည့် ကားကလေးသည် မန္တလေး မြန်မာ့မီးရထား ဧည့်ရိပ်သာမှ မိနစ် ၂၀ သာသာခန့် မောင်းမိသောအခါ မြစ်ငယ် မြန်မာ့မီးရထား တွဲပြင်စက်ရုံကို ရောက်ရှိသွားပါတော့သည်။ မြစ်ငယ် မီးရထားတွဲပြင်စက်ရုံတွင် အင်ဂျင်နီယာမှူး ဦးဟန်သိန်း၊ လက်ထောက် အင်ဂျင်နီယာ ဦးမောင်မောင်ပြုံးနှင့် အလုပ်ရုံစုမှူး ဦးစန်းယုနိုင်တို့ကို တွေ့ရသည်။ ယင်းပုဂ္ဂိုလ်များက စက်ရုံအကြောင်းကို ရှင်းပြကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ●

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၅–၈–၂၀၀၃
(သောကြာနေ့)

နိုင်ငံတော်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ အားကြိုးမာန်တက် အလုပ်လုပ်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား ရင်ပေါင်တန်းရပ်တည်နိုင်စေရန် ဘက်စုံ၊ ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းခဲ့ရာတွင် ယခင်ခေတ်ကာလက နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု မရှိခဲ့၍ ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့ရသော နယ်စပ်အစွန်အဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတော်၏ အချက်အချာကျသော ဒေသများ၌ ဖြန့်ကြက်ပြီး ဒေသလိုအပ်ချက်နှင့်အညီ အခြေခံအဆောက်အအုံများဖြစ်သော လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် ဆေးရုံကြီးများကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့ကဲ့သို့ မြစ်ချောင်းပေါများ၍ ကုန်းလမ်းဆက်သွယ်မှု ပြေပြလောက်အောင်မရှိဘဲ ရေလမ်းကိုသာ အားပြုနေရသောဒေသများတွင် သွားရေးလာရေးပိုမိုလွယ်ကူလာစေရန် မြစ်ကူး၊ ချောင်းကူးတံတားပေါင်း များစွာပါဝင်သော လမ်းမကြီးများကို ဒေသတစ်ခွင်လုံး လက်ယှက်ထိုး ဖောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ထပ်မံလမ်းညွှန်ချက်များဖြစ်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့် ဖွံ့ဖြိုးရေးတွင် ကွက်လပ်သဖွယ် ကြွင်းကျန်နေသော ဒေသများ၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကိုပါ ဖြန့်ကြက်ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အခါတွင် တစ်နိုင်ငံလုံး၌ ဖွံ့ဖြိုးမှုလုပ်ငန်းများသည် ကွင်းဆက်မိမိ ဖြစ်ထွန်းနေပြီဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုမည့် မအူပင်တက္ကသိုလ်ကြီးနှင့် နည်းပညာကောလိပ်တို့ကို မကြာသေးမီကပင် ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံပြည်သူများ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရေး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် မအူပင်မြို့ ခုတင်–၂၀၀ ဆံ့ အထူးကုဆေးရုံကြီးကိုလည်း ဩဂုတ်လ ၁၀ ရက်နေ့က ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ယခုတစ်ဖန် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး အခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် ရန်ကုန်–မန္တလေးကားလမ်းပေါ်မှ ဘိုင်းဒါးတံတားသစ်ကြီးကို ဩဂုတ်လ ၁၂ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ပြန်သည်။ ဘိုင်းဒါးတံတားသည် အရှည်ပေ ၃၀၀ရှိပြီး တန် ၆၀ ရှိသော ယာဉ်များ လုံခြုံစိတ်ချစွာ ဖြတ်သန်း သွားလာနိုင်မည်ဖြစ်သည်။

ရန်ကုန်–မန္တလေးလမ်းမကြီးသည် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်း ကုန်စည်ကူးသန်းပို့ဆောင်မှုနှင့် ခရီးသည်သွားလာမှု အထူထပ်ဆုံးဖြစ်သည့်အတွက် ခေတ်မီခြောက်လမ်းသွား အမြန်လမ်းမကြီးအဖြစ် တည်ဆောက်လျက်ရှိသည်။ ဘိုင်းဒါးတံတားသည် အဆိုပါ အမြန်လမ်းမကြီးပေါ်မှ အရေးပါသော လေးလမ်းသွားသံကူကွန်ကရစ် ခေတ်မီတံတားသစ် ဖြစ်ပေသည်။

ယခုအခါ နိုင်ငံတော်အတွင်း ပထဝီအနေအထားအရ တောင်နှင့်မြောက်ဖောက်လုပ်ထားသော လမ်းမကြီးများကို အဆင့်တိုးမြှင့်နေသကဲ့သို့ အရှေ့နှင့်အနောက် သွားလာနိုင်သည့် ပြည်ထောင်စုလမ်းမသစ်ကြီးများကိုလည်း တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။ လမ်းသစ်များနှင့်အတူ လိုအပ်သည့်နေရာဒေသတိုင်းတွင် တံတားကြီးများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးလျက်ရှိရာ ယခုဖွင့်လှစ်လိုက်သည့် ဘိုင်းဒါးတံတားအပါအဝင် ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၁၅၈ စင်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုတစ်ဝန်း ယခုကဲ့သို့ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းလာခြင်းမှာ နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ညီညီညွတ်ညွတ်ဦးထမ်းပဲ့ထမ်း ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြ၍ ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ အားကြိုးမာန်တက် ပါဝင်လုပ်ကိုင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ–ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးလက်ဝှေ့ပြိုင်ပွဲနှင့် မြန်မာ–ကနေဒါ အမျိုးသမီးချစ်ကြည်ရေးဘောလုံးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာ–ဘင်္ဂလားဒေ့ရှ် ဖိတ်ခေါ်ချစ်ကြည်ရေး လက်ဝှေ့ပြိုင်ပွဲနှင့် မြန်မာလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် ကနေဒါနိုင်ငံ (AIA- Athletic In Action) အမျိုးသမီးဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲများကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းအစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ရေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်ဌာနခွဲအလိုက် တာဝန်ရှိသူတို့က မိမိတို့နှင့်သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက်လည်းကောင်း ဆွေးနွေးတင်ပြကြပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

မြန်မာ့ လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းနှင့် ကနေဒါနိုင်ငံမှ (AIA) အမျိုးသမီးဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးပြိုင်ပွဲများကို ဩဂုတ် ၁၇ရက်နှင့် ၁၉ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဂိတ်ဝင်ကြေးမှာ အထူးတန်း ငွေကျပ် ၅၀၀နှင့် ရိုးရိုးတန်းငွေကျပ် ၂၀၀တို့ဖြစ်ပြီး လက်မှတ်များကို ပြိုင်ပွဲကျင်းပမည့်နေ့ ပြိုင်ပွဲမစတင်မီ မွန်းတည့် ၁၂နာရီမှ စတင်၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) တွင် ရောင်းချမည်ဖြစ်သည်။

ရောင်းချမည်

မြန်မာ–ဘင်္ဂလားဒေ့ရှ် ဖိတ်ခေါ်ချစ်ကြည်ရေးလက်ဝှေ့ပြိုင်ပွဲ ကို ဩဂုတ် ၁၈ရက် မွန်းလွဲ၂နာရီခွဲတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ပြီး ဂိတ်ဝင်ကြေးမှာ အထူးတန်းငွေကျပ် ၅၀၀နှင့် ရိုးရိုးတန်းငွေကျပ် ၂၀၀ဖြစ်ပြီး လက်မှတ်များကို ပြိုင်ပွဲကျင်းပမည့်နေ့ ပြိုင်ပွဲမကျင်းပမီ မွန်းတည့် ၁၂နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ရောင်းချမည်ဖြစ်သည်။ (သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၅

၂၀၀၃ခုနှစ် ဩဂုတ် ၁၅ရက်၌ ကျရောက်သည့် ကိုရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ယွန်းယောင်ကွမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

မအူပင်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၁၄

မအူပင်မြို့နယ်အသင်း (ရန်ကုန်)၏ တတိယ အကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၄ရက်၊ ဝါခေါင်လပြည့်ကျော် ၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရွှေတိဂုံဘုရား မြောက်ဘက်မုခ်အနီး (အာဇာနည်လမ်း)ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ခမ်းမာရုံတွင် ကျင်းပမည်ဖြစ်ရာ မအူပင်မြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်များ၊ အသင်းမဝင်ရသေးသောသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မြို့နယ်သူမြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။(က–ပ)

မြန်မာ–ဘင်္ဂလားဒေ့ရှ်ချစ်ကြည်ရေးလက်ဝှေ့ပြိုင်ပွဲ

သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)

(၁၈–၈–၂၀၀၃)(၁၄း၃၀)နာရီ

၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စန္ဒရားအတီးပြိုင်ပွဲအတွက် ရွေးချယ်ထားသော သီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ပညာရှင်

(က) တောမြိုင်စွန်း (ယိုးဒယား)
(ခ) ဇာတိအာဏာ (ယိုးဒယား)
(ဂ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဃ) စိန်ချယ်ညီးလင်း (မွန်)
(င) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(စ) ရွှေညီလာနှင့်မြင်းခင်း (လေးထွေသံကတ်နှင့်ကြိုး)
(ဆ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဇ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)

၂။ ဝါသနာရှင်အဆင့်

(က) နန်းသီဟိုဠ် (ယိုးဒယား)
(ခ) ပန်းဟောဝန် (ယိုးဒယား)
(ဂ) ညီတော်မင်းနန် (ခေတ်ဟောင်းကာလပေါ်)(ဦးစိန်ကတုံး)

၃။ အဆင့်မြင့်ပညာအဆင့်

(က) မြသို့ငယ်စိမ်းနု (ဘွဲ့)
(ခ) ကန္တာတောခြေ (ယိုးဒယား)
(ဂ) ရှင်သီဝလိ (ခေတ်ဟောင်းကာလပေါ်) (ပြည်လှဖေ)

၄။ အခြေခံပညာ(၁၅–၂၀)အဆင့်

(က) တောနှင့်တောင်စွယ် (ယိုးဒယား)
(ခ) မိုးမင်းလွန်ကဲ (ကြိုး)
(ဂ) မိုး (ကာလပေါ်) (ကိုမြကြီး)

၅။ အခြေခံပညာ(၁၀–၁၅)အဆင့်

(က) မင်္ဂလာသီရိ (ဘွဲ့)
(ခ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
(ဂ) ကျေးစေတမာန် (ကာလပေါ်) (မေရှင်)

၆။ အခြေခံပညာ(၅–၁၀)အဆင့်

(က) ဧယျာမြို့ (ကြိုး)
(ခ) ဘုံဆောင်မြင့် (ကြိုး)
(ဂ) မေတ္တာ (ကာလပေါ်) (မြသက်မှူ)

(ဆက်လက်ဖော်ပြပါမည်။)

အီရတ်ရှိ အမေရိကန်စစ်သားအားလုံး အနည်းဆုံး တစ်နှစ်ကြာ တာဝန်ထမ်းဆောင်ရမည်ဟုဆို

ဘဂ္ဂဒက် ဩဂုတ် ၁၂

အီရတ်ရှိ အမေရိကန်တပ်သားအားလုံး နေရပ်ပြန်ပြီးရက်အနည်းငယ် သို့မဟုတ် မပြန်ဘဲ ရက်အနည်းငယ် အနားရမှုမှအပ အနည်းဆုံး တစ်နှစ်တာ တာဝန်ထမ်းဆောင်ရန် မျှော်လင့်ထားရမည်ဖြစ်ကြောင်း အမေရိကန်တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချက်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။ ဒုတိယဗိုလ်ချုပ်ကြီး ဆန်ချက်က အေပီနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ယင်းသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

တိုက်ခိုက်ခံနေရ

သို့သော် အီရတ်ရှိ အမေရိကန်စစ်သား ၁၄၈၀၀၀ အနက် အချို့ကို တွေ့ဆုံမေးမြန်းသည့်အခါတွင် ၎င်းတို့အဖို့ တစ်ခါတစ်ရံတွင် အပူချိန်မြင့်မားလွန်ပြီး နေ့စဉ်နှင့်အမျှ အီရတ်တို့၏ ပြောက်ကျားတိုက်ခိုက်မှုကို ခံနေရသည်။ အီရတ်နိုင်ငံ၌ မည်မျှကြာကြာနေရမည်ကို မည်သူကမှ ၎င်းတို့ကို မပြောကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ ***အင်တာနက်။***



ဩဂုတ် ၁၁ ရက်က ဘဂ္ဂဒက်မြို့တွင် အစောင့်ကျနေစဉ် အပူချိန် ၁၂၂ ဒီဂရီဖာရင်ဟိုက် (၅၀ ဒီဂရီ ဆဲဆီးယပ်စ်)ထိ မြင့်တက်နေမှုကြောင့် ရေအေးဘူးသောက်ကာ အပူကိုသက်သာရာသက်သာကြောင်းရှာနေရသည့် အမေရိကန်တပ်သားတစ်ဦး။ (အီရတ်နိုင်ငံရောက် အမေရိကန် တပ်သားများသည် အနည်းဆုံး တစ်နှစ်ခန့်သာ တာဝန်ထမ်းဆောင်ရလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း ယခုတိုင် ပြည်တော်ပြန်ရမည့်အရေး မမြင်ရသေးချေ။)
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံခြား သတင်းများ

အမေရိကန် ထောက်ခံသည့် အီရတ်အုပ်ချုပ်ရေးကောင်စီ တရားဝင်ဖြစ်မှု အသိအမှတ်မပြုနိုင်ဟု အီဂျစ်ပြောဆို

ကိုင်ရို ဩဂုတ် ၁၃

အမေရိကန် ထောက်ခံအားပေးသည့် အီရတ်အုပ်ချုပ်ရေးကောင်စီ(အိုင်ဂျီစီ)၏ တရားဝင်ဖြစ်မှုကို အသိအမှတ်မပြုနိုင်ကြောင်းဖြင့် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်မာဟာက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

စည်းဝေး

အီရတ်နိုင်ငံတွင်လက်ရှိအုပ်ချုပ်နေသည့်အိုင်ဂျီစီ၏ တရားဝင်ဖြစ်မှုကို အသိအမှတ်ပြုရန် မဖြစ်နိုင်ကြောင်း အီဂျစ်၊ ဆော်ဒီအာရေဗျနှင့် ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ပြီးနောက် မာဟာက သတင်းထောက်များအား ဖော်ပြပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အိုင်ဂျီစီအား အသိအမှတ်ပြုခြင်းသည် ၎င်းအဖွဲ့၏ တရားဝင်မှု လုပ်ပိုင်ခွင့်အာဏာ၊ အမေရိကန်သိမ်းပိုက်ရေးအာဏာပိုင်များနှင့် ဆက်ဆံရေးနှင့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍအပါအဝင် အချက်အလက်များစွာတို့အပေါ် တည်မှီကြောင်း မာဟာက ပြောကြားသည်။

အသင့်ရှိ

မိမိတို့သည် ကျန်ရှိသော အီရတ်နိုင်ငံရေးအဖွဲ့များနှင့် ဆက်သွယ်မှုပြုလုပ်နေစဉ် အိုင်ဂျီစီအဖွဲ့ဝင်များနှင့် ဆက်ဆံရန် အသင့်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်တွင် လွန်ခဲ့သည့် ရက်သတ္တပတ်က ကျင်းပသည့် အာရပ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက အိုင်ဂျီစီကို ထောက်ခံမှု မရှိပေ။ မာဟာက အဆိုပါအစည်းအဝေးတွင် ချမှတ်သည့် ရပ်တည်ချက်ကို ထပ်လောင်းပြောကြားခြင်းသာဖြစ်ကြောင်း ပြောကြားသည်။

ရှုမြင်

ဘဂ္ဂဒက်တွင် ဇူလိုင် ၁၃ ရက်က ဖွဲ့စည်းခဲ့သည့် အဆိုပါ အဖွဲ့ဝင် ၂၅ ဦးပါ အိုင်ဂျီစီအား အမေရိကန်က အီရတ်နိုင်ငံ သိမ်းပိုက်မှု အဆုံးသတ်ရေးအတွက် ခြေလှမ်းတစ်ရပ်အဖြစ် ရှုမြင်ထားကြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဝေရက်တောင်

ဝေရက်တောင်အနီးတွင် ရေခဲပြင် ပမာဏ လျော့နည်းကျဆင်းနေသည်ကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။ (ကမ္ဘာကြီးပူနွေးလာမှုကြောင့် မကြာသေးမီ နှစ်များအတွင်း ဝေရက်တောင်အနီး ပတ်ဝန်းကျင်တစ်ဝိုက် ရေခဲမြစ်အချို့မှာ အလျင်အမြန် အရည်ပျော်လျက်ရှိသည်။)
(ဓာတ်ပုံ-ဆင်ဟွာ)

ဘာဆရာသို့ လေယာဉ် ပျံသန်းပြေးဆွဲရေး အီရတ်အုပ်ချုပ်ရေးကောင်စီ ခွင့်ပြုချက်ထုတ်ပေး

ဘဂ္ဂဒက် ဩဂုတ် ၁၃

အီရတ်အုပ်ချုပ်ရေးကောင်စီသည် ဘာဆရာလေဆိပ်သို့ ခရီးသည်တင်နှင့် ကုန်တင်လေယာဉ်များ ဝင်ထွက်သွားလာနိုင်ရန်အတွက် နိုင်ငံတကာလေကြောင်းလိုင်း ခြောက်ခုကို ခွင့်ပြုချက်ထုတ်ပေးထားသည်။ အဆိုပါလေဆိပ်ကို မကြာမီ ရက်သတ္တပတ်အနည်းငယ်တွင် ပြန်လည်ဖွင့်လှစ်တော့မည်ဟု ပြောကြားသည်။

ယခုလအကုန်ပိုင်း သို့မဟုတ် လာမည့်လဆန်းပိုင်း၌ ဘာဆရာသို့ လေယာဉ်များ ပြန်လည်ပြေးဆွဲရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် တနင်္လာနေ့ညက ထုတ်ပြန်သည့် ကြေညာချက်တွင် ပင်လယ်ကွေ့ အဲယား၊ ရွိုင်ရယ်ဂျော်ဒန်၊ ဇော်ဘွားများ၊ ကာတာအဲယားဝေး၊ အက်စ်အေအက်စ်နှင့် အယ်အိုတီပိုလန်လေကြောင်းလိုင်းတို့ကို ပြောကြားထားကြောင်း အီရတ်အုပ်ချုပ်ရေးကောင်စီက ပြောကြားသည်။

၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲဖြစ်ပွားပြီးနောက် ဘာဆရာသို့ နိုင်ငံတကာလေယာဉ်များ ပျံသန်းပြေးဆွဲမှုကို ရပ်ဆိုင်းပစ်ခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ပါကစ္စတန်၌ ရေကြီးသဖြင့် လူ ၃၆ ဦးသေဆုံး

အစ္စလမ္မာဘတ် ဩဂုတ် ၁၂

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် မကြာမီက မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးသဖြင့် လူ ၃၆ ဦး သေဆုံးခဲ့ကြောင်း အစ္စလမ္မာဘတ်မြို့ အခြေစိုက် အရဏ်ဦး သတင်းစာတွင် တနင်္လာနေ့က ဖော်ပြသည်။

ပြည်နယ်အတွင်းရှိ ခရိုင် ၁၄ ခုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုဘေး ကြုံတွေ့ခဲ့ရသည်ဟု ပြည်နယ် ကယ်ဆယ်ရေးကော်မတီ သတင်းရပ်ကွက်က ပြောကြားသည်။ ရေကြီးမှုကြောင့် စိုက်ပျိုးမြေ ဟက်တာ လေးသိန်း ရေလွှမ်းမိုးခံရပြီး သီးနှံများလည်း ပျက်စီးခဲ့ရသည်။

ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူအများစုမှာ ရေနစ်သေဆုံးခြင်းဖြစ်ပြီး အချို့မှာ မြွေကိုက်ခံရ၍ သေဆုံးခဲ့ရခြင်းဖြစ်သည်။ သေဆုံးသူဦးရေ ပိုမိုများပြားနိုင်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဥရောပတစ်လွှား အပူလှိုင်းကျရောက် ရေခဲတောင်များ အရည်ပျော်မည် စိုးရိမ်နေရ

လန်ဒန် ဩဂုတ် ၁၃

ဥရောပဒေသတစ်လွှားတွင် အပူလှိုင်းကျရောက်၍ ထူးထူးကဲကဲ စံချိန်တင်လောက်အောင် ပူပြင်းနေသောကြောင့် ဒေသတွင်းရှိ ရေခဲတောင်ကြီးများ အရည်ပျော်လျက်ရှိသည်။

နှစ်ပေါင်း ၁၅၀ အတွင်း မကြုံဖူးသည့် အနေအထားထိ အရည်ပျော်လျက်ရှိရာ ရေခဲတောင်များအနီးတစ်ဝိုက်တွင် နေထိုင်သူများအတွက် ရုတ်တရက် ရေလွှမ်းမိုးသည့် အန္တရာယ်နှင့် ရွှံ့မြေပြိုကျမှုအန္တရာယ်များ ကြုံတွေ့ရမည်ကို စိုးရိမ်နေရသည်။

ထိုအတိုင်း ရေခဲတောင်များ ရေရှည်ဆက်ပြီး အရည်ပျော်နေဦးမည်ဆိုပါက ရေဖြန့်ဖြူးမှုအတွက်ပါ စိုးရိမ်ဖွယ်ရာ ထိခိုက်လာနိုင်ကြောင်း ဘီဘီစီတီဗွီသတင်းဌာနက ဖော်ပြသွားသည်။ ***ဘီဘီစီတီဗွီ။***

တရုတ်ပြည် စက်မှုလုပ်ငန်း ထုတ်လုပ်မှု တိုးတက်လာ

ဘေဂျင်း ဩဂုတ် ၁၃

တရုတ်ပြည်၏ အကြီးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် ဇူလိုင်လက စက်မှုထွက်ကုန် တန်ဖိုးယွမ် ၃၄၁ ဘီလျံ (အမေရိကန်ဒေါ်လာ ၄၁ ဘီလျံ)ရှိခဲ့ရာ လွန်ခဲ့သည့်နှစ် ဇူလိုင်ကထက် ၁၆ ဒသမ ၅ ရာခိုင်နှုန်း တိုးလာသည်။

တရုတ်ပြည် အမျိုးသားစာရင်းအင်းဗျူရိုက တနင်္လာနေ့တွင် ဘေဂျင်း၌ ထုတ်ပြန်သည့် လစဉ်အစီရင်ခံစာအရ တရုတ်ပြည်၏ စက်မှုကုန်ထုတ်လုပ်မှု အရှိန်အဟုန်သည် ဇူလိုင်လတွင် ဆက်လက်မြင့်တက်ခဲ့သည်။

အီလက်ထရွန်နစ်၊ သယ်ယူပို့ဆောင်ရေး ပစ္စည်းကိရိယာများနှင့် သံမဏိလုပ်ငန်းများ၏ တိုးတက်မှုနှုန်းသည်လည်း ၆ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့သည်။

သံမဏိထုတ်လုပ်မှု

သံမဏိထုတ်လုပ်မှုသည် တန်ချိန် ၁၉ ဒသမ ၈ သန်းရှိခဲ့ပြီး နှစ်အလိုက် ၂၅ ရာခိုင်နှုန်းတိုးလာပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည်လည်း ကီလိုဝပ်နာရီ ၁၆၉ ဒသမ ၉ ဘီလျံရှိခဲ့ရာ လွန်ခဲ့သည့်နှစ် အလားတူ ကာလကထက် ၁၅ ဒသမ ၂ ရာခိုင်နှုန်း တိုးလာခဲ့သည်။

ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများအရ တရုတ်ပြည်၏ အကြီးစားစက်မှုလုပ်ငန်းမှာ အလျင်အမြန် ဆက်လက်တိုးတက်နေသော်လည်း အသေးစားစက်မှုလုပ်ငန်းမှာမူ ဇူလိုင်လက အတန်အသင့် ကျဆင်းခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့ရှိ ဓာတ်ဆီဆိုင်တစ်ဆိုင်အနီး ပစ်ခတ်မှုသတင်းကြား ရပြီးနောက် ဗြိတိသျှတပ်သားတစ်ဦး ၎င်း၏ရိုင်ဖယ်ကို ကိုင်ဆောင်လျက် နေရာအနှံ့ ရန်သူရှာဖွေနေသည်ကို ဩဂုတ် ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်က အဆိုပြုတင်သွင်းသည့် ဆုံးဖြတ်ချက်မူကြမ်း စကားလုံးသုံးနှုန်းမှုနှင့်ပတ်သက်၍ အလွတ်သဘော ငြင်းခုံဆွေးနွေး

ကုလသမဂ္ဂ ဩဂုတ် ၁၂

ဘဂ္ဂဒက်ရှိ အုပ်ချုပ်ရေးကောင်စီနှင့် အီရတ်ရှိ ကုလသမဂ္ဂအကူအညီပေးရေး မစ်ရှင်အဖွဲ့များအား တရားဝင် အခွင့်အာဏာပေးအပ်ရေးကို ကြိုဆိုသည့် အမေရိကန်ရေးဆွဲသော ဆုံးဖြတ်ချက်မူကြမ်းနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် အင်အားကြီး ငါးနိုင်ငံတို့သည် အင်္ဂါနေ့တွင် သဘောတူညီချက်ရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း သံတမန်များက ပြောကြားလိုက်သည်။

မိမိတို့ သဘောတူညီချက်ရရန် နီးစပ်လျက်နေပြီဖြစ်ကြောင်း၊ အချို့သော စကားအသုံးအနှုန်းများကို ညှိနှိုင်းဆွေးနွေးလျက် ရှိနေသေးကြောင်း၊ သို့ရာတွင် လုံခြုံရေးကောင်စီဝင်နိုင်ငံတိုင်းက ဆုံးဖြတ်ချက်ရရှိရန် လိုလိုလားလားရှိနေကြကြောင်း ကောင်စီဝင် သံတမန်တစ်ဦးက ပြောကြားသည်။

တိုက်တွန်း

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကော်လင်းပါဝဲလ် နှစ်ဦးတို့က ဖော်ပြပါ ဆုံးဖြတ်ချက် အမြန်ပေါ်ပေါက်စေရန် တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စု၊ တရုတ်ပြည်၊ ဗြိတိန်၊ ပြင်သစ်နှင့် ရုရှားတို့သည် အမေရိကန်က လွန်ခဲ့သော သောကြာနေ့တွင် အဆိုပြုတင်သွင်းသည့် မူကြမ်း၏ တိကျသော စကားလုံးသုံးနှုန်းမှုနှင့်ပတ်သက်၍ အလွတ်သဘောဖြင့် ငြင်းခုံဆွေးနွေးလျက်ရှိသည်။

မျက်နှာချင်းဆိုင်

၎င်းနိုင်ငံများမှ သံအမတ်များသည် အင်္ဂါနေ့ တံခါးပိတ်အစည်းအဝေး တွင် မျက်နှာချင်းဆိုင် ထိုင်ကြကာ ပထမဆုံးအကြိမ်အဖြစ် ၎င်းတို့သဘောထားကွဲလွဲမှုများကို ရင်ကြားစေ့နိုင်ရန် အဖြေရှာသည့်အနေဖြင့် ဗုဒ္ဓဟူးနေ့တွင် ပြန်လည်ဆွေးနွေးရန် စီစဉ်ထားကြသည်။

လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံက သဘောတူညီ ချက်ရရှိပါက အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို မဲပေးနိုင်ရန်အတွက် ပြင်ဆင်သည့်အနေဖြင့် လုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံသို့ ဖြန့်ဝေမည်ဟု သံတမန်များက ပြောကြားသည်။ အဆိုပါ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံသည်အမေရိကန်ခန့်ထားသည့် အီရတ်အုပ်ချုပ်မှုကောင်စီအား ထောက်ခံရန် အသုံးပြုမည့် စကားလုံးအား အဓိကထား၍ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန် မရိန်း တပ်ကြပ်ကြီးတစ်ဦး ဌာနေပြန်ရောက်ပြီး နာရီပိုင်းအတွင်း လဲကျသေဆုံး

ဩဂုတ် ၁၂

အမေရိကန်မရိန်းတပ်ကြပ်ကြီး ဒါလီရာစီကောဒ်သည် ကူဝိတ်နှင့် အီရတ်နိုင်ငံများတွင် စစ်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည်မှာ ရှစ်လကြာခဲ့ပြီဖြစ်သည်။ ၎င်းသည် သမီးနှစ်ဦး၏ ဖခင်လည်းဖြစ်သည်။

ပြန်လည်ဆုံစည်း

သောကြာနေ့က တပ်ကြပ်ကြီး ရာစီကောဒ်၊ သူ၏ဇနီးနှင့် သမီးနှစ်ယောက်တို့သည် အမေရိကန် လေယာဉ်ကွင်းတွင် မိသားစုပြန်လည် ဆုံစည်းခွင့်ရကြသည်။

တပ်ကြပ်ကြီးသည် အသက် (၅၄)နှစ်ရှိပြီဖြစ်သည်။ ၎င်းသည် အိမ်ပြန်ရောက်အပြီး သုံးနာရီခန့်အကြာတွင် ထမင်းစားခန်းအတွင်း၌ လဲကျသေဆုံးသွားသည်။ ၎င်းလဲကျသွားစဉ်က သူ၏ဇနီး ဂျာနက်မှာ မီးဖိုဆောင်အတွင်း၌ သောက်ရေသွားယူလျက်ရှိသည်။

ကျွန်မခင်ပွန်းသည်ရဲ့ လဲကျသွားတဲ့အသံကို ကြားကြားချင်းပြေးသွားတယ်။ တစ်ခုခုတော့ အကြီးအကျယ်ဖြစ်ပြီဆိုတာ သိလိုက်ပါတယ်။ သူက ကျွန်မကိုကြည့်ပြီး မင်းတို့အားလုံးကို ကိုယ်ချစ်ပါတယ်ကွာဟုသာ နောက်ဆုံးပြောသွားနိုင်ရှာတယ်ဟု ဇနီးသည် ဂျာနက်က ပြန်ပြောပြသည်။

ရာစီကောဒ်သည် ကူဝိတ်တွင်ရှိစဉ်က အီရတ်စစ်သုံ့ပန်းများ၏ ထွက်ချက်ကို စိစစ်ရသော အဖွဲ့ဝင် ခြောက်ဦးပါသောအဖွဲ့ကို ဦးဆောင်ပြီး စိစစ်မှုများပြုလုပ်ခဲ့ရသည်။ ယခုခံစားရသော နှလုံးရောဂါသည် အလုပ်ဖိစီးမှုကြောင့် ပေါ်ပေါက်လာခြင်း ဟုတ်မဟုတ် ချက်ချင်းမသိရသေးဟု ဆိုသည်။

အင်တာနက်။

အမေရိကန်တပ်သားများ ပြည်တော်ပြန်ရေး စိတ်မချမ်းသာသည့် မိသားစုများ လှုံ့ဆော်

ဝါရှင်တန် ဩဂုတ် ၁၃

အီရတ်နိုင်ငံရှိ စစ်သားများ၏ လက်ရှိကြုံတွေ့နေရသည့် အခြေအနေများနှင့်ပတ်သက်၍ စိတ်မချမ်းမသာ ဖြစ်နေကြသော အမေရိကန်စစ်ဘက် မိသားစုဝင် ၆၀၀ ခန့်သည် ၎င်းတို့၏ ဆွေမျိုးသားချင်းများအား အမေရိကန်သမ္မတနှင့် အောက်လွှတ်တော်အဖွဲ့ဝင်များက အမေရိကန်စစ်သားများ ပြည်တော်ပြန်ရေးကိစ္စ ဆောင်ကြဉ်းပေးနိုင်ရေးအတွက် တိုက်တွန်းပေးရန် လှုံ့ဆော်မှုတစ်ရပ်ကို ပြုလုပ်ကြကြောင်းဖြင့် ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် ဖြစ်ထွန်းနေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ မိမိတို့စိတ်မချမ်းသာမှု ပို၍ပို၍ဖြစ်ရကြောင်း၊ မိမိတို့က မိမိတို့၏ စစ်သားများနှင့် အီရတ်ပြည်သူ၊ ပြည်သားများအတွက် စိတ်ပူပန်မှုဖြစ်ရခြင်းဖြစ်ကြောင်း အီရတ်စစ်ပွဲဆန့်ကျင်ရေးအတွက် ဖွဲ့စည်းထားသော မိသားစုပြောရေးဆိုခွင့်အဖွဲ့တည်ထောင်သူ နန်စီလက်ဆင်က ပြောကြားသည်။

အီရတ်နိုင်ငံ ဆမ်မာရာမြို့တွင် ဖြန့်ကြက်ချထားသည့် မက်ဆာချူးဆက်ပြည်နယ်အစောင့်တပ်ဖွဲ့မှ ဂျပ်စ်တင်သည် အခြားစစ်သားငါးဦးနှင့်အတူ အီရတ်ရဲဌာန တန်လျားဟောင်း အခန်းငယ်လေးတစ်ခန်းတွင် နေထိုင်လျက်ရှိပြီး ၁၂၅ ဒီဂရီအထိ ပူပြင်းသည့်ရာသီတွင် တစ်နေ့လျှင်ရေနှစ်လစ်တာနှင့် အသင့်စားနိုင်သည့် စားသောက်ဖွယ်ရာ ရာရှင်ခွဲတမ်းမှတစ်ပါး အခြားစားစရာဘာမျှမရှိကြောင်း ဂျပ်စ်တင်၏ မိခင်ဖြစ်သူ ဘူဆန်ရှူးမန်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အောက်လွှတ်တော်အစည်းအဝေးများ နွေရာသီရပ်နားထားချိန်အား အခွင့်ကောင်းယူသည့်အနေဖြင့် စည်းရုံးလှုံ့ဆော်သူများက ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ၎င်းတို့ပြည်နယ်အတွင်းရှိ ဥပဒေပြုဌာန်းသူများအား ထုတ်ဖော်ပြောကြားကြသည်။ ယင်းသို့ပြုလုပ်သည့် လုပ်ရပ်သည် ထိပ်တိုက်ရင်ဆိုင်တွေ့ရန်မဟုတ်ဘဲ မည်သည့်ကိစ္စများ ဆက်လက်ဖြစ်ပွားနေသည်ကို ကြည့်ရှုရန်ဖြစ်ကြောင်း ငြိမ်းချမ်းရေးအဖွဲ့ဝင် စစ်ပြန်တစ်ဦးဖြစ်သူ ဒင်းနစ္စအိုနီးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တောင်အာရှဒေသ ငြိမ်းချမ်းရေး တရုတ်ပြည်ထောက်ခံဟု ပြောဆို

ဘေဂျင်း ဩဂုတ် ၁၃

တောင်အာရှဒေသသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းထားနိုင်မည်ဟု တရုတ်ပြည်က မျှော်လင့်ကြောင်းနှင့် တင်းမာမှုများ လျော့နည်းစေရေးနှင့် ငြိမ်းချမ်းရေး ထိန်းသိမ်းရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

တွေ့ဆုံဆွေးနွေး

တောင်အာရှဒေသမှ နိုင်ငံအားလုံးသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဖြစ်ပွားသည့် ပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ တန်းတူညီမျှ ဆက်ဆံမည်ဟု တရုတ်ပြည်က မျှော်လင့်ပါကြောင်း သီရိလင်္ကာဝန်ကြီးချုပ် ရာနေးလ်ဝစ်ခရီမီဆင်ဟီနှင့် တွေ့ဆုံဆွေးနွေးရာတွင် ဟူကျင်တောင်က ပြောကြားသည်။

တောင်အာရှဒေသ၏ ရင်းနှီးသည့် အိမ်နီးချင်းတစ်နိုင်ငံအနေဖြင့် တရုတ်ပြည်သည် ဒေသတွင်း၌ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးမှုတိုးမြှင့်ရေးအတွက် သီရိလင်္ကာအပါအဝင် နိုင်ငံအားလုံးနှင့် လက်တွဲဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်း ၎င်းကပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှု ထိန်းသိမ်းစောင့်ရှောက်ရာတွင် တရုတ်ပြည်၏ ထောက်ခံအားပေးမှုကိုသာမကဘဲ သီရိလင်္ကာ၏ ခက်ခဲကြမ်းတမ်းသည့် ကာလအတွင်း တရုတ်ပြည်က နိုင်ငံရေးနှင့်စီးပွားရေး အကူအညီများပေးမှုကိုပါ ကျေးဇူးတင်ရှိပါကြောင်း သီရိလင်္ကာဝန်ကြီးချုပ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာကာသအမှိုက်များ သန်း ၄၀ ခန့်ရှိနေ

ဘေဂျင်း ဩဂုတ် ၁၄

အာကာသအမှိုက်ခေါ် အာကာသတွင်း လွှတ်တင်ခဲ့သည့် ဂြိုဟ်တုများ၊ ဒုံးပျံများ၊ လွန်းပျံယာဉ်များကြောင့် အာကာသတွင်း ကြွင်းကျန်ခဲ့သည့် ဝါယာကြိုးများ၊ လောင်စာ အကြွင်းအကျန်အပိုင်းအစများသည် အာကာသတွင်း စုစုပေါင်း သန်း ၄၀ ခန့်ရှိနေသည်။

အဆိုပါ အာကာသအမှိုက်များမှာ တင်းနစ်ဘောလုံး အရွယ်ခန့်နှင့်တိုက်မိပါက လွန်းပျံယာဉ်ကိုပင် ပျက်ကျနိုင်စေလောက်သည်အထိ အန္တရာယ်ကြီးမားသည်။ အဆိုပါ အာကာသအမှိုက်များသည် လွန်းပျံယာဉ်များအတွက်သာမက ကမ္ဘာမြေပြင်အတွက်ပါ အန္တရာယ်ရှိနိုင်သည်။ တရုတ်အမျိုးသား အာကာသသိပ္ပံအနေဖြင့် အဆိုပါ အာကာသအမှိုက်ဖြစ်သည့် စွန့်ပစ်လောင်စာများကို အာကာသတွင် မကျန်ရှိရအောင် ဖယ်ရှားနိုင်သည့် နည်းပညာတစ်ရပ်ကို အောင်မြင်စွာ ရှာဖွေနိုင်ခဲ့ပြီဖြစ်ကြောင်း စီစီတီဗွီသတင်းဌာနက ဖော်ပြသည်။

စီစီတီဗွီ။

စက်သုံးဆီပြတ်လပ်

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် စက်သုံးဆီ ပြတ်လပ်နေသည့်အတွက် ဘာဆရာမြို့သား တစ်ဦး ၎င်း၏ကားကို ဓာတ်ဆီဆိုင်သို့ တွန်းသွားနေရသည်ကို ဩဂုတ် ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်မြောက်ပိုင်း၌ ပြောက်ကျားတိုက်ခိုက်မှု အမေရိကန်စစ်သည်များ ဒဏ်ရာရ နယ်စပ်ရွာတွင် အီရတ်ခေါင်းဆောင်တစ်ဦးကို ဖမ်းမိရန်စီးနင်းမှု မအောင်မြင်

ဘဂ္ဂဒက် ဩဂုတ် ၁၃

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် ပြောက်ကျားတိုက်ခိုက်မှုများကြောင့် အမေရိကန်စစ်သားသုံးဦး ဒဏ်ရာရရှိသွားသည်။ အီရန်-အီရတ်နယ်စပ်ရှိရွာကို အမေရိကန်တပ်ဖွဲ့များက အီရတ်ခေါင်းဆောင်တစ်ဦးကို ဖမ်းမိရန်ရည်ရွယ်၍ စီးနင်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ဟုဆိုသည်။

ဘာဆရာမြို့တွင် လျှပ်စစ်ဓာတ်အားနှင့် လောင်စာပြတ်တောက်မှုကြောင့် လွန်ခဲ့သော နှစ်ရက်က ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။ ယခုအခါ အီရတ်နိုင်ငံ၏ တောင်ပိုင်း ဘာဆရာ၏ အချို့အစိတ်အပိုင်းများကို ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ပြီး လောင်စာများလည်း ပြန်လည်ပေးဝေနေပြီဟု သိရသည်။

ဘဂ္ဂဒက်မြို့လယ်ပိုင်းတွင် အမေရိကန် စစ်ဆေးရေးဂိတ်အတွင်းသို့ ကားတစ်စီးပေါ်မှ လက်ပစ်ဗုံးနှစ်လုံးဖြင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး စစ်သားများ၏ ပြန်လည်ပစ်ခတ်မှုကြောင့် အီရတ်တစ်ဦးသေဆုံးသွားသည်ဟု မျက်မြင်သက်သေများက ပြောကြားသည်။ ယခုအတောအတွင်းတွင် အမေရိကန်တို့ ရွေးချယ်ထားသော အီရတ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြားဖြတ်အစိုးရတွင် ပါဝင်မည့် ဝန်ကြီးများခန့်အပ်ရေးကိစ္စကို သီတင်းပတ်သုံးပတ်ကြာ ရွှေ့ဆိုင်းထားမည်ဟု ဆိုသည်။

အီဘရာဟင် အယ်လ်ဂျဖာရီသည် ဩဂုတ်လအတွက် အီရတ်အုပ်ချုပ်ရေးကောင်စီတွင်ဥက္ကဋ္ဌတာဝန်ကိုထမ်းဆောင်လျက်ရှိသည်။ ထိုကောင်စီတွင် အဖွဲ့ဝင် ၂၅ဦးပါဝင်ပြီး အခြေခံဥပဒေရေးဆွဲရေးအတွက် ညီလာခံတစ်ရပ် ခေါ်ယူကျင်းပရန် နည်းလမ်းများ ရှာဖွေလျက်ရှိသည်။ အဖွဲ့ဝင်များအဖြစ် တရားသူကြီးများ၊ ကျွမ်းကျင်သူပညာရှင်များ၊ ရှေ့နေများ၊ လူမျိုးစုများကို ကိုယ်စားပြုသူများနှင့် ဘာသာရေးအဖွဲ့များကို ကိုယ်စားပြုသူများ ပါဝင်ကြသည်။

အယ်လ်ရှူမိတ်မြို့သည် တီကရစ်မြို့၏ မြောက်ဘက်တွင် တည်ရှိသည်။ ထိုမြို့တွင် ပြောက်ကျားများက ဒုံးပစ်လောင်ချာများ၊ လက်လုပ်ဗုံးများဖြင့် တိုက်ခိုက်ရာအမေရိကန်စစ်သည်သုံးဦး ဒဏ်ရာရရှိသွားကြောင်း ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဘီမက်ဒေါနယ်က ဆိုသည်။ ဒဏ်ရာရသူများ၏ အခြေအနေမှာ ယခုအခါ တည်ငြိမ်မှုရှိနေပြီး သက်သာမကင်းသူ အီရတ် ၇၀ ကိုလည်း ဖမ်းဆီးထားကြောင်း ပြောကြားသွားသည်။

ပြီးခဲ့သော သီတင်းပတ်အတွင်းက ဘာဆရာမြို့ရှိ ဗြိတိန်စစ်သားများနှင့် အရပ်သားများအကြား အချင်းများခဲ့ကြသည်။ အရပ်သားများက ကျောက်ခဲများ၊ အုတ်ခဲများဖြင့် စစ်သားများကို ပစ်ပေါက်ခဲ့ကြသည်။ ယခုအခါ ဘာဆရာမြို့သို့ တနင်္ဂနွေနေ့က စ၍ လျှပ်စစ်ဓာတ်အား ပြန်လည် ဖြန့်ဝေပေးနိုင်ပြီး လောင်စာ ဂါလန် ဖဒသမ ဖသန်းပေးပို့နိုင်ခဲ့ရာ အခြေအနေမှာ ပြန်လည်ငြိမ်သက်လာပြီဟု ဗြိတိန်ဗိုလ်ကြီးဟစ်ရှမ်ဟာလာဝီကပြောကြားခဲ့သည်။ ***အင်တာနက်။***

လုံခြုံရေးစောင့်ကြပ်

ဩဂုတ် ၁၂ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် ဗြိတိသျှတပ်သားတစ်ဦး သံချပ်ကာယာဉ်၏ ထိပ်မှထိုင်လျက် ဓာတ်ဆီဆိုင်တစ်ဆိုင်ကို လုံခြုံရေး စောင့်ကြပ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်ဆိုင်ရာ မူကြမ်းအသစ်အတွက် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများပြုလုပ်ရန် ရုရှားက အဆင်သင့်ရှိကြောင်းပြောကြား

မော်စကို ဩဂုတ် ၁၃

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အီရတ်နိုင်ငံဆိုင်ရာ မူကြမ်းအသစ် တစ်ရပ်နှင့်စပ်လျဉ်း၍ အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်ရန် ရုရှားနိုင်ငံက အဆင်သင့်ရှိကြောင်း ရုရှားဒုတိယနိုင်ငံခြားရေး ဝန်ကြီး ယူရီဖီဒိုတော့ပ်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အနာဂတ်ဆုံးဖြတ်ချက်မူကြမ်းတွင် ပါရှိဖွယ်ရှိသည့် အကြောင်းအရာများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက လက်ရှိဆွေးနွေးမှုများကို ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်နေကြောင်း၊ ယင်းဆွေးနွေးညှိနှိုင်းမှုများတွင် မိမိတို့က ပါဝင်ဆွေးနွေးရန် အဆင်သင့်ရှိကြောင်း ဖီဒိုတော့ပ်၏ ပြောကြားချက်များကို အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းသစ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ရန် တင်ပြရေးအတွက် ကုလသမဂ္ဂက ပြောကြားပြီးနောက် ဖီဒိုတော့ပ်၏ ဝေဖန်ပြောကြားမှုများ ပေါ်ထွက်လာခြင်းဖြစ်သည်။

အနာဂတ်ကာလအတွက် ဆုံးဖြတ်ချက်သည် အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို အလေးပေးရေး လုံးဝရည်ရွယ်ရန်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံရှိ ကုလသမဂ္ဂမစ်ရှင်အဖွဲ့တွင် ကျယ်ပြန့်သော အခွင့်အာဏာရရှိရန် တိုက်တွန်းထားသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန် တစ်ချိန်က ထောက်ခံတင်ပြချက်များအား သဘောတူခွင့်ပြုမည့် လုပ်ငန်းဆိုင်ရာ မှတ်တမ်းမှတ်ရာအားနည်းမှုသည် ဖော်ပြပါမူကြမ်းတွင် ပါရှိနိုင်ဖွယ်ရှိကြောင်း ဖီဒိုတော့ပ်က ပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံတွင် တစ်နိုင်ငံဖြစ်သည့် ရုရှားသည် အမေရိကန်ဦးဆောင်၍ အီရတ်အား စစ်တိုက်ခိုက်ခြင်းကို ဆန့်ကျင်ခဲ့ပြီး စစ်ပြီးခေတ်လွန် အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ အဓိကအခန်းကဏ္ဍ ရရှိရေးနှင့်ပတ်သက်၍ တစိုက်မတ်မတ် တောင်းဆိုခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်လက်နက်အစီအစဉ် ဗြိတိန်အစိုးရ ပုံကြီးချဲ့ ဗြိတိန်လက်နက်ကျွမ်းကျင်သူ ဒေါက်တာကယ်လီ စွပ်စွဲခဲ့

လန်ဒန် ဩဂုတ် ၁၂

ဗြိတိန်နိုင်ငံ၏ ထိပ်တန်း လက်နက်ကျွမ်းကျင်သူ ဒေါက်တာဒေးဗစ်ကယ်လီက အီရတ်နိုင်ငံအနေဖြင့် စစ်ရေးခြိမ်းခြောက်မှု အနည်းငယ်သာလုပ်နိုင်ကြောင်း ယုံကြည်ပြီး အီရတ်စစ်ပွဲ ဆင်နွှဲရခြင်းကို တရားမျှတပါသည်ဟုဆိုရန် ဗြိတိန်အစိုးရက အီရတ်၏ လက်နက်အစီအစဉ်ဆိုင်ရာ ထောက်လှမ်းရေးသတင်း အချက်အလက်များကို ပုံပြင်ထားသည်ဟု စွပ်စွဲကြောင်းဖြင့် ဘီဘီစီသတင်းထောက် အင်ဒရူးဂီလီဂန်က ဒေါက်တာဒေးဗစ်ကယ်လီသေဆုံးမှုဖြင့် စစ်ဆေးရေးအဖွဲ့အား အင်္ဂါနေ့က ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်တိုနီဘလဲ၏ ပြန်ကြားရေးအရာရှိ အလက်စတိုင်ယာကမ်ဘဲ၏ မေတ္တာရပ်ခံချက်အရ အီရတ်လက်နက်အစီအစဉ်ဆိုင်ရာအချက်အလက်ကို ဗြိတိန်အစိုးရက ပြင်ဆင်သည်ဟူသော ဘီဘီစီသတင်းထောက်ထံသတင်းပေါက်ကြားသူအဖြစ် ရောက်ရှိပြီးနောက် ဒေါက်တာဒေးဗစ်ကယ်လီမှာ လွန်ခဲ့သည့်လက သူ့လက်ကောက်ဝတ်ကို ဓားဖြင့်လှီးကာ သူ့ကိုယ်သူ အဆုံးစီရင်သွားသည်။

စိတ်မချမ်းမသာဖြစ်

အီရတ်လက်နက်အခြေအနေ ပုံပြင်ဖန်တီးမှုနှင့် စပ်လျဉ်း၍ ဗြိတိန်ထောက်လှမ်းရေးကျွမ်းကျင်သူ အများစုက စိတ်မချမ်းမသာဖြစ်ကြရသည်ဟု ဒေါက်တာ ကယ်လီက ၎င်းအား ပြောပြကြောင်းဖြင့် ဘီဘီစီသတင်းထောက် ဂီလာဂန်က စုံစမ်းစစ်ဆေးရေးအဖွဲ့အား ပြောကြားလိုက်သည်။

ဆက်ဒမ်ဟူစိန်၏ လက်နက်အစီအစဉ်မှာ သေးငယ်ပြီး အစစအဆင်ပြေသည့်တိုင်အောင် ပြည်သူအများအပြားကို ဒုက္ခမပေးနိုင်ကြောင်း ဒေါက်တာကယ်လီနှင့် တွေ့ဆုံစဉ်က ၎င်း၏မှတ်စုကို ဘီဘီစီ သတင်းထောက်က တင်ပြသည်။

အီရတ်နိုင်ငံတွင် သုံးနိုင်သေးသော လက်နက်များ မရှိကြောင်း ဒေါက်တာကယ်လီက ပြောကြားသည်ဟုလည်း ၎င်းက မှတ်စုအခြားတစ်နေရာမှ ထုတ်နုတ်တင်ပြသည်။

ယုံကြည်ကိုးစားမှု

ဆက်ဒမ်ဟူစိန်အား ဖြုတ်ချရန် အမေရိကန်နှင့် ဗြိတိန်တပ်များ အီရတ်ကို ကျူးကျော်သိမ်းပိုက်သည်မှာ ငါးလနီးပါးရှိပြီဖြစ်သော်လည်း အီရတ်တွင် အစုအပြုံလိုက် သေစေနိုင်သည့် လက်နက်ရှာမတွေ့ဘဲ ဝန်ကြီးချုပ်တိုနီဘလဲအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုမှာ များစွာကျဆင်းသွားရသည်။ ***အင်တာနက်။***

ကွန်ပျူတာဗိုင်းရပ်စ်အသစ် ကမ္ဘာတစ်ဝန်းမှ ကွန်ပျူတာ နှစ်သိန်းကို နှောင့်ယှက်ခဲ့

ဝါရှင်တန် ဩဂုတ် ၁၄

မစ်ဘလတ်စတာဟု ခေါ်သည့် ကွန်ပျူတာဗိုင်းရပ်စ်တစ်မျိုးသည် မိုက်ခရိုဆော့ဖ်ကုမ္ပဏီမှ ထုတ်လုပ်သည့်ဝင်းဒိုးစနစ်များအား ဝင်ရောက်ဖျက်ဆီးလျက်ရှိရာ ကမ္ဘာပေါ်ရှိ ကွန်ပျူတာအလုံးပေါင်း နှစ်သိန်းခန့်ကို နှောင့်ယှက်ခဲ့ကြောင်းသိရသည်။

အဆိုပါ ဗိုင်းရပ်စ်သည် အင်တာနက် အတွင်းပျံ့နှံ့လျက်ရှိပြီး ဝင်းဒိုးစနစ်ကို အသုံးပြုနေသည့် ကွန်ပျူတာများအား ဝင်ရောက်နှောင့်ယှက်ကြောင်း၊ ၎င်း ဗိုင်းရပ်စ်သည် ကိုယ်တိုင်ပျံ့နှံ့နိုင်စွမ်းရှိပြီး အီးမေးလ်ကို အသုံးမပြုကြောင်းလည်း သိရသည်။

အင်ဂျင်နီယာများက ၎င်းဗိုင်းရပ်စ်သည် ရက်အနည်းငယ်ထိ ပျံ့နှံ့နိုင်ကြောင်း ပြောကြားလျက်ရှိသည်။ ဗိုင်းရပ်စ်၏ မူလဇာစ်မြစ်ကို မသိရှိရသော်လည်း အက်ဖ်ဘီအိုင်က စုံစမ်းစစ်ဆေးလျက်ရှိသည်။ ***စီအင်န်အင်န်။***

အမေရိကန်စစ်တပ်မှ စီ-၁၂ လေယာဉ်ပျက်ကျ

ဆိုးလ် ဩဂုတ် ၁၄

တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်စစ်တပ်မှ စီ-၁၂ ကုန်တင်လေယာဉ်သည် စမ်းသပ်ပျံသန်းစဉ်အတွင်း ပျက်ကျသွားရာ လေယာဉ်ပေါ်ပါ အမေရိကန် တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးခဲ့ကြောင်းသိရသည်။ မျက်မြင်သက်သေများက အဆိုပါ လေယာဉ်သည် ဆင်းသက်ရန် ကြိုးစားစဉ် မီးလောင်နေကြောင်း ပြောကြားခဲ့သည်။ ပျက်ကျရခြင်းအကြောင်းရင်းကိုမူ မသိရသေးကြောင်း စီအင်န်အင်န် သတင်းဌာနက ကြေညာသွားသည်။ ***စီအင်န်အင်န်။***

ဩဂုတ် ၁၂ရက်က ဆန်တိုဒိုမင်ဂိုတွင် ကျင်းပသည့် (၁၄)ကြိမ်မြောက် အမေရိကနိုင်ငံများ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပွဲစဉ် အကြိုဗိုလ်လုပွဲတွင် မက္ကဆီကို အသင်းမှ ဒိုင်ယာဂိုမာတီနက်ဇ် (နောက်မှလူ)နှင့် ဘရာဇီးအသင်းမှ ဝင်ဂယ်ဂိုမက်ဇ်တို့ ဘောလုံးယှဉ်လုနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အပူလှိုင်းကြောင့် ပျက်စီးမှုများမြင့်တက်

ကိုင်ရို ဩဂုတ် ၁၄

ဥရောပတစ်လွှား အပူလှိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ မြင့်တက်လျက်ရှိရာ စပိန်နိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် တောမီးကြောင့် မိသားစုဝင် ငါးဦးသေဆုံးခဲ့ပြီး ပေါ်တူဂီနိုင်ငံတွင် တောမီးကြောင့် သေဆုံးမှုသည် ၁၅ ဦးအထိ ရှိသွားပြီဖြစ်သည်။

မီးလောင်ကျွမ်းခံရသည့် သစ်တောဧရိယာသည် ဟက်တာတစ်သောင်းခြောက်ထောင်ခန့်ရှိပြီး ပြင်သစ်နိုင်ငံတွင် အပူလှိုင်းကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေသည့် နျူကလီးယားစွမ်းအင်သုံး ဓာတ်ပေါင်းဖိုများ ရပ်တန့်ထားရမည့်အရေးကို စိုးရိမ်ပူပန်လျက်ရှိသည်။ ***စီအင်န်အင်န်။***

ကျောက်ဆည်ဒေသမှ ကျေးလက်ရေရရှိရေးလုပ်ငန်းအောင်မြင်မှုများ

မောင်ခိုင်ကျော်
(ကျောက်ဆည်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းညွှန်ချက် (၅)ရပ်အနက် "ကျေးလက်လမ်းပန်းဆက်သွယ်ရေး ချောမွေ့ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသရေရရှိရေး"ကို တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်ရာတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်သည် ကျေးလက်ဒေသရေရရှိရေး ရာနှုန်းပြည့်နီးပါးဆောင်ရွက်နိုင်ပြီဖြစ်သည်ကို လေ့လာသိရှိရပါသည်။ ကျောက်ဆည်မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၈၆ အုပ်စုနှင့် ကျေးရွာပေါင်း ၂၁၅ ရွာရှိပါသည်။ အဆိုပါ ကျေးရွာပေါင်း ၂၁၅ ရွာတို့တွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနတို့က တာဝန်ယူတူးဖော်ဆောင်ရွက်ခဲ့ကြသည်။

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်သည် "ရွှေခေတ်မြန်မာတို့၏ စပါးကျီ"ဟု ခေါ်ဆိုခဲ့သည်နှင့် အညီဆည်ရေ၊ မြောင်းရေပေါများသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရာဒေသဖြစ်ပါသည်။ "နိုင်ငံ့စပါးကျီ" ဟုခေါ်ရလောက်အောင်ပင် ဆန်ရေစပါးများထွက်ရှိရာဒေသ ဖြစ်ပါသည်။

သို့ရာတွင် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ လိုအပ်နေခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ယင်းလိုအပ်ချက်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လိုက်ခြင်းဖြစ်ပါသည်။

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်တွင် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် စက်ရေတွင်း ကိုးတွင်း၊ လက်နှိပ်တုံကင်တွင်း ၇၄ တွင်း ပေါင်း ၈၃ တွင်းကိုလည်းကောင်း၊ ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)မှ ထောက်ပံ့ငွေဖြင့် စက်ရေတွင်းတစ်တွင်း၊ လက်နှိပ်တုံကင်တွင်း ၃၈ တွင်း ပေါင်း ၃၉ တွင်းကို လည်းကောင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုအရ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် စက်ရေတွင်းခြောက်တွင်း၊ လက်နှိပ်တုံကင်တွင်း ၃၆ တွင်း ပေါင်း ၄၂ တွင်းကိုလည်းကောင်း၊ စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)၏ စီစဉ်မှုအရ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် စက်ရေတွင်းပေါင်း ၈၁ တွင်းကို လည်းကောင်း စုစုပေါင်း စက်ရေတွင်း ၉၇ တွင်း၊ လက်နှိပ်တုံကင်တွင်း ၁၇၈ တွင်း ပေါင်း ၂၇၅ တွင်းတို့ကို ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူတူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အလားတူပင် ကျောက်ဆည်မြို့နယ်၌ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ စက်ရေတွင်း ၁၀ တွင်း၊ လက်နှိပ်တုံကင်တွင်း ၆၁ တွင်း ပေါင်း ၇၁ တွင်းကိုလည်းကောင်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏စီစဉ်မှုအရ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် စက်ရေတွင်းခုနစ်တွင်း၊ လက်နှိပ်တုံကင်တွင်း ၆၉ တွင်း ပေါင်း ၇၆ တွင်းကိုလည်းကောင်း စုစုပေါင်း စက်ရေတွင်း ၁၇ တွင်းနှင့် လက်နှိပ်တုံကင်တွင်း ၁၃၀ တွင်း ပေါင်း ၁၄၇ တွင်းတို့ကို ကျောက်ဆည်ခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တာဝန်ယူတူးဖော်ပေးခဲ့ပါသည်။

သို့အတွက် ကျောက်ဆည်မြို့နယ်ရှိ ကျေးရွာပေါင်း ၂၁၅ ရွာတို့တွင် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းပေါင်း ၁၁၄ တွင်းနှင့်လက်နှိပ်တုံကင်တွင်းပေါင်း ၃၀၈ တွင်း စုစုပေါင်း ၄၂၂ တွင်းကို တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သဖြင့် ကျောက်ဆည်မြို့နယ်ရှိ ကျေးရွာ ၂၁၅ ရွာတို့မှ အိမ်ခြေပေါင်း ၂၆၇၈၄၊ လူဦးရေပေါင်း ၁၉၃၁၆၁ အတွက်သန့်ရှင်းသော သောက်သုံးရေရရှိရေး ၉၆ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

ကျောက်ဆည်မြို့နယ် မြင်စိုင်းကျေးရွာ အလှူရှင်စက်ရေတွင်းကို ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေးစဉ်။
[ဓာတ်ပုံ–မောင်ခိုင်ကျော်(ကျောက်ဆည်)]

ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာ အလှူရှင်စက်ရေတွင်းကို အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေ ဦးအောင်သိန်း–ဒေါ်ခင်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
[ဓာတ်ပုံ–မောင်ခိုင်ကျော်(ကျောက်ဆည်)]

ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေရရှိခဲ့ပြီဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်လာသည့်အလျောက် လူနေမှုဘဝလည်း ဖွံ့ဖြိုးတိုးတက်လာတော့မည်မှာ မလွဲဧကန်ပင် ဖြစ်ပါသည်။

ထို့အပြင် ကျေးလက်ဒေသရေရရှိရေးအတွက် အလှူရှင်အသီးသီးတို့မှလည်း အလှူငွေများ ထည့်ဝင် လှူဒါန်းခဲ့ကြရာ အလှူရှင်များအနေဖြင့် "အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်စောခြင်း၊ အခြွေအရံပေါများခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း၊ လျင်မြန်ဖျတ်လတ်ခြင်း"စသည့် ရေအကျိုး ၁၀ ပါးကို မတောင်းဘဲနှင့် ပြည့်ဝကြမည်ဖြစ်ပါသည်။

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်တွင် တူးဖော်ပေးခဲ့သော စက်ရေတွင်းများ၊ လက်နှိပ်တုံကင်တွင်းများ တူးဖော်ပြီးစီးသည့်အခါတိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ မြို့တော်စည်ပင်သာယာရေး အဖွဲ့က စက်ရေတွင်း ဖွင့်ပွဲများ၊ လက်နှိပ်တုံကင် တွင်းဖွင့်ပွဲများ တခမ်းတနား ကျင်းပပေးခဲ့ရာ ဖွင့်ပွဲအခမ်းအနားများသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ရဲမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဒုတိယဝန်ကြီးများ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်၊ မန္တလေးတိုင်း စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကံလှ၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်၊ အတွင်းရေးမှူး ဗိုလ်မှူးမြင့်စိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလေးလွင်တို့က အခါအားလျော်စွာ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်း ကျောက်ဆည် မြို့နယ်တွင်း **နိုင်ငံ့စပါးကျီ**ဟု ခေါ်ဆိုရလောက်အောင် လယ်ယာလုပ်ငန်းခွင်အတွက် ဆည်ရေ၊မြောင်းရေများပေါများလျက်ရှိသလို ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်၍ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သော **သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိနေပြီ** ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။ ။

အောင်ချမ်းသာ ပုစွန်မွေးမြူရေးစခန်း ရေငန်ပုစွန် ဖော်ထုတ်ဖမ်းဆီးမှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းသည် ထုတ်လုပ်ရေးဌာန တွဲဖက်ဌာနမှူးဗိုလ်မှူးတင်ဖေ လိုက်ပါလျက် ဩဂုတ်၁၂ရက် နံနက်က ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် မုတ္တမပင်လယ်ကွေ့ရှိ ထုတ်လုပ်ရေးဌာန၏ အောင်ချမ်းသာ ရေငန်ပုစွန်မွေးမြူရေးစခန်းသို့ ရောက်ရှိလာပြီး ကန်(၁)တွင် ရေငန်ပုစွန်များ ဖော်ထုတ်ဖမ်းဆီးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)**

တွဲဖက်အတွင်းရေးမှူးနှင့် တွဲဖက်ဌာနမှူးတို့သည် စခန်းတာဝန်ခံဌာနခွဲမှူး ဦးကျော်ကျော်ဦး၊ ကျောက်တန်းမြို့နယ် ရေငန်ပုစွန်မွေးမြူရေး အထူးဇုန်ရှိ ထုတ်လုပ်ရေးဌာန၊ ရေငန်ပုစွန်မွေးမြူရေးစခန်း တာဝန်ခံဌာနခွဲမှူး ဦးစံမင်းတို့နှင့်အတူ အောင်ချမ်းသာရေငန်ပုစွန်မွေးမြူရေး စခန်းအတွင်းရှိ မွေးမြူရေးကန်များကို လှည့်လည်ကြည့်ရှုသည်။

ကန်(၁)တွင် ရေငန်ပုစွန်ခုနစ်တန်ကျော် ဖမ်းဆီးရရှိပြီး ကန်(၆)၌ မွေးမြူထားသော ပုစွန်များကိုလည်း ဆက်လက်ဖော်ထုတ် ဖမ်းဆီးသွားမည်ဖြစ်သည်။ (၁၉)

ရေဒီယိုအီလက်ထရွန်နစ်သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၄

လှသစ္စာ ရေဒီယို၊ ကက်ဆက်၊ တီဗွီ၊ ဗီဒီယို သင်တန်းကျောင်း၏ (၂၅)နှစ်မြောက် ငွေရတုကိုကြိုဆိုသောအားဖြင့် သင်ကြားမှုနှင့် သင်ယူမှုအထောက်အကူပြု ရေဒီယို၊ကက်ဆက်၊ တီဗွီ၊ ဗီဒီယို၊ ဗွီစီဒီမျိုးစုံတို့ဖြင့် သင်ကြားပေးနေသည်။

စိတ်ပါဝင်စားသူများ အမှတ် ၁၈၆၊ လှည်းတန်းလမ်းမ ဟံသာရိပ်မွန်အိမ်ရာ အမှတ် (၄)ရပ်ကွက် ကမာရွတ် ဖုန်း– ၅၂၇၃၄၅၊ ၅၃၇၃၅၄နှင့် ၅၀၀၄၉၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

တစ်ကျိတ်တည်း တစ်ကြံတည်း

ခြင်ကျား(မအူပင်)

၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့က–

ပြည်ထောင်စုမြန်မာနိုင်ငံတော် သတင်းစာရှင်းလင်းရေးအဖွဲ့က ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ ကျရောက်ခဲ့သော အာဇာနည်နေ့မှာ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းတွေလုပ်ဆောင်ဖို့ စီစဉ်ခဲ့သူများ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနဲ့ ဆက်နွှယ်သူများကို ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းတွေနဲ့အတူ ဖမ်းဆီးရမိခြင်းနဲ့ ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါတယ်။ ဒီဖောက်ခွဲဖျက်ဆီးမယ့် အဖျက်သမားတွေဟာ KNUရဲ့ ဦးဆောင်မှုနဲ့ ပြည်တွင်း၊ ပြည်ပအဖျက်သမားတွေနဲ့ ဆက်စပ်ပြီး ဇူလိုင်လ ၁၅ ရက်နေ့မှာ ရန်ကုန်မြို့ကို ရောက်ရှိကြတယ်လို့ ဆိုပါတယ်။ ဖောက်ခွဲဖျက်ဆီးရေးသမားတွေဟာ ဇူလိုင်လ ၁၉ ရက်နေ့ကျရင် ရန်ကုန်မြို့ထဲမှာ အနည်းဆုံး ငါးနေရာ ဖောက်ခွဲဖျက်ဆီးဖို့နဲ့ ဇူလိုင်လ ၁၆ ရက်နေ့မှာ ဖောက်ခွဲဖျက်ဆီးရေးပြုလုပ်ဖို့ လေ့လာကြည့်ရှုကြပြီး ဇူလိုင်လ ၁၇ ရက်နေ့ ဖောက်ခွဲဖျက်ဆီးရေးပြုလုပ်ဖို့ တိုင်ပင်ဆွေးနွေးနေဆဲမှာ တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့တွေက ဖောက်ခွဲဖျက်ဆီးရေးသမား ၁၂ ဦး ဖမ်းဆီးရမိခဲ့တယ်လို့ ဆိုပါတယ်။

ဒီလို တစ်ကျိတ်တည်းတစ်ကြံတည်း အာဇာနည်နေ့ကို ချိန်ကိုက်သတ်မှတ်ပြီး ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေ လှုပ်ရှားဆောင်ရွက်ခဲ့တာ နှစ်ကြိမ်ရှိခဲ့ပါပြီဗျာ။ ၁၉၈၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ ကျရောက်ခဲ့တဲ့ (၄၂)နှစ်မြောက် အာဇာနည်နေ့တုန်းကလည်း ဆောင်ရွက်ခဲ့ဖူးတာကို ပြန်အမှတ်ရစေပါတယ်ဗျာ။

ဒီအကြောင်းနဲ့ပတ်သက်ပြီး ၅–၈–၈၉ ရက်နေ့က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)က သတင်းစာရှင်းလင်းပွဲမှာ **နိုင်ငံရေးအခမ်းအနားများ ပြုလုပ်ရာတွင် မူလပထမ၌ အာဇာနည်နေ့ကိုပါ သတ်မှတ်ထားခြင်းမရှိသော်လည်း ဒေါ်စုကြည်၏ ပတ်ဝန်းကျင်တွင် ဝန်းရံလျက်ရှိကြသည့် လက်ဝဲဆန်သော အာဏာဖီဆန်ရေးပုဂ္ဂိုလ်အချို့၏ စေ့ဆော်မှု၊ ဖန်တီးမှုကြောင့် အာဇာနည်နေ့ကိုလည်း နိုင်ငံရေးအထိမ်းအမှတ်အဖြစ် ကျင်းပရန်သင့်ကြောင်း ပြောဆိုခဲ့ရာမှ အာဇာနည်နေ့သည်လည်း နိုင်ငံရေးလှုပ်ရှားမှုအဖြစ် ဆောင်ရွက်ရန် သတ်မှတ်စီစဉ်လာခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်စုကြည်၏ အာဏာဖီဆန်ရေးလှုပ်ရှားမှုအား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရာတွင် အာဇာနည်နေ့အခမ်းအနားကို တိုက်ပွဲအခြေခံအဖြစ် အသုံးပြုခဲ့ကြောင်း** သုံးသပ်ရှင်းလင်းသွားခဲ့ဖူးပါတယ်ဗျာ။

ဒီတုန်းက နိုင်ငံတော်အစိုးရဟာ ၁၉၈၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ ကျရောက်မယ့် (၄၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အရင်နှစ်များလို



ထမင်းဘူးဖြင့် ထည့်ထားသည့် ချိန်ကိုက်မိုင်းနှစ်လုံးနှင့် ခဲတပ်ပုံ အယ်လ်ဘမ် မိုင်းသုံးလုံးကို တွေ့ရှိရပုံ။

နိုင်ငံတော်မှ ကြီးမှူးကျင်းပဖို့ စီစဉ်ခဲ့တယ်ဗျ။ ကျင်းပရေးကော်မတီက (၄၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို တက်ရောက်ဖို့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစု ကိုးစုကို ဖိတ်ကြားတဲ့အခါမှာ မိသားစု ရှစ်စုက အခမ်းအနားတက်မယ်လို့ စာနဲ့ပြန်ကြားခဲ့တယ်တဲ့ဗျ။

ဇူလိုင်လ ၁၆ ရက်နေ့မှာ ကျင်းပတဲ့ (၄၂)နှစ်မြောက် အာဇာနည်နေ့ ဝတ်စုံပြည့် အစမ်းလေ့ကျင့်တဲ့ အခမ်းအနားကို အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုရှစ်ဦးပဲ တက်ရောက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိသားစုဟာ မတက်ရောက်ခဲ့ဘူးလို့ ဆိုပါတယ်။ (၄၂)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီဟာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှာ မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီတွေကိုလည်း ဖိတ်ကြားခဲ့ရာမှာ နိုင်ငံရေးပါတီ ၇၀ က အခမ်းအနားကို တက်ရောက်ဖို့ စာရင်းပေးခဲ့ပါတယ်။ ဒေါ်စုကြည်နဲ့ NLD ပါတီဟာ (၄၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို တက်ရောက်ဖို့ အကြောင်းမပြန်ခဲ့ဘူးလို့ ဆိုပါတယ်ဗျာ။

(၄၂)နှစ်မြောက် အာဇာနည်နေ့မတိုင်မီ ၁၉၈၉ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့မှာ သန်လျင် ရေနံချက်စက်ရုံ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့တယ်ဗျ။ အဲဒီဗုံးပေါက်ကွဲမှုဖြစ်စဉ်ကို စုံစမ်းဖော်ထုတ်တဲ့အခါမှာ NLD ရန်ကုန်တိုင်း စည်းရုံးရေးမှူး မိုးသီဟနဲ့ လူငယ်တာဝန်ခံများဖြစ်တဲ့ သန်းဇော်၊ ညီညီဦး၊ မိုးကျော်သူတို့ ဖြစ်တာကို တွေ့ရတယ်ဗျ။ မိုးသီဟဟာ ၁၉၈၉ ခုနှစ် ဧပြီလမှာ တောခိုခဲ့သူဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့ပြီး ကျန်ဖမ်းမိတဲ့သုံးဦးဟာ သန်လျင်မြို့နယ် NLDလူငယ်တာဝန်ခံတွေဖြစ်ပြီး မြေအောက်ယူဂျီအဖွဲ့ကို ၁၆ ဦးနဲ့ ဖွဲ့ထားတဲ့ အဖွဲ့က ဖြစ်တယ်။ NLDက ဆရာဝန်တစ်ဦးပါ ပါဝင်တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် NLDက အာဇာနည်နေ့အခမ်းအနားကို မမှန်မကန်အသုံးချပြီး လူထုအုံကြွ ဆူပူမှုဖြစ်အောင် ဆောင်ရွက်လာတဲ့အတွက် အခမ်းအနားမှာ ပါတီတစ်ခုစီက ကိုယ်စားလှယ် ၁၀ ယောက်နှုန်း သတ်မှတ်အလေးပြုဖို့ စီစဉ်ခဲ့ရပါတယ်။

၁၉၈၉ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ ကျောက်တံတားမြို့နယ် NLDရုံးမှာ အာဇာနည်နေ့မှာ တစ်ပါတီ ၁၀ ယောက်သာ တက်ရောက်ဂါရဝပြုမယ်ဆိုတာကို လက်မခံကြောင်း၊ အာဇာနည်နေ့မှာ အေးအေးချမ်းချမ်း အလေးပြုနိုင်ဖို့အတွက် လုံခြုံရေးချထားတဲ့ တပ်တွေ ရုပ်သိမ်းဖို့လိုကြောင်း၊ နိုင်ငံတော်အစိုးရဟာ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့လမ်းစကို မှေးမှိန်အောင် လုပ်နေတယ်လို့ ဆန့်ကျင်ဟောပြောခဲ့တယ်လို့ ဆိုပါတယ်ဗျာ။

ဒေါ်စုကြည်ကိုယ်တိုင်က ဇူလိုင် ၁၃၊ ၁၄၊ ၁၆၊ ၁၈ ရက်နေ့တုန်းက NLD အဖွဲ့ချုပ်ရုံးမှာ အာဇာနည်နေ့နဲ့ ပတ်သက်ပြီး ညှိနှိုင်းအစည်းအဝေး လုပ်တုန်းက သူတို့ပါတီက ပန်းခွေချဖို့ တရားဝင်ခွင့်ပြုချက် မယူကြောင်း၊ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်မှာဖြစ်ကြောင်း၊ အခြားပါတီတွေကလည်း အမိန့်ဖီဆန်ပြီး ကိုယ့်ပါတီအစီအစဉ်နဲ့ တက်ရောက်ပန်းခွေချသင့်ကြောင်း လှုံ့ဆော်ပြောကြားခဲ့ပါတယ်။

(၄၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို NLD က ဦးဆောင်ချီတက်မယ့် အစီအစဉ်နဲ့ပတ်သက်ပြီး ၁၈–၇–၈၉ ရက်နေ့ တစ်ညလုံး NLD လူကြီးပိုင်းတွေ အကြိတ်အနယ် ဆွေးနွေးခဲ့ကြပါတယ်။ ဒါပေမယ့် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး ဒေါ်စုကြည်တစ်ဦးတည်းက အဆုံးအဖြတ်ပေးဖို့၊ ဒီအဆုံးအဖြတ်ကို အားလုံးက လိုက်နာဖို့ သဘောတူညီထားခဲ့တယ်လို့ ဆိုပါတယ်။

၁၉–၇–၈၉ ရက်နေ့ နံနက်အရုဏ်တက်ချိန် နံနက် ၄ နာရီကျော်တဲ့အခါမှ ဒေါ်စုကြည်က အာဇာနည်နေ့ ချီတက်မယ့်အစီအစဉ် ဖျက်သိမ်းခိုင်းခဲ့တယ်။ ဒါပေမယ့် နိုင်ငံတော်အစိုးရရဲ့ အာဇာနည်နေ့ အခမ်းအနားကို သပိတ်မှောက်ဖို့ စာထုတ်မယ်ပြောပြီး အာဇာနည်နေ့ကို မိမိတို့ ရုံးအဆောက်အအုံအတွင်းမှာ ပြုလုပ်ဖို့ လှုံ့ဆော်စာထုတ်ခဲ့တယ်လို့ ဆိုပါတယ်။

အာဇာနည်နေ့တွင် ဖောက်ခွဲဖျက် ဆီး ရေး လုပ် ငန်း များ လုပ် ဆောင် ရန် စီ စဉ် ခဲ့ သည့် F T U B မှ မောင်မောင်(ခ) ပြည်သစ် ညွှန့်ဝေ။

နိုင်ငံတော်အစိုးရကလည်း ပူပူနွေးနွေး (၈၈) ဆူပူမှုက ကာကွယ်ထားခါစဖြစ်လို့ အာဇာနည်နေ့ အခမ်းအနားကို ချိန်ကိုက်သတ်မှတ်ပြီး (၈၈) အနိဋ္ဌာရုံကို မရောက်ရှိဖို့ ၁၉၈၉ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့က ကြေညာချက်အမှတ် (၂/၈၉)ကို ထုတ်ပြန်ကြေညာခဲ့ရပါတယ်။

၁၉၈၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ ညနေ ၆ နာရီ ဗွီအိုအေကနေ ဒေါ်စုကြည်က မြန်မာတပ်မတော်ကို ဖက်ဆစ်လို့ မမှန်မကန် စွပ်စွဲလှုံ့ဆော်ပြောကြားခဲ့ပါတယ်ဗျာ။

(၄၂)မြောက် အာဇာနည်နေ့ဖြစ်ရပ်ဟာ လက်ဝဲအင်အားစုများနဲ့ အာဏာဖီဆန်ရေးလမ်းကြောင်းပေါ်ကို တက်လိုကြတဲ့ အစွန်းရောက်ဝါဒီတွေက ဒေါ်စုကြည်ကို အသုံးချသွားခဲ့ကြတာသာ ဖြစ်သဗျ။ အဲဒီကာလအတွင်းမှာ နိုင်ငံတော်အစိုးရက ပြည်သူလူထုရဲ့ကူညီပံ့ပိုးမှုနဲ့ ဗကပယူဂျီခေါင်းဆောင်တွေကို အချိန်မီဖမ်းဆီး ထိန်းသိမ်းလိုက်နိုင်လို့သာ ဗကပတွေအခေါ် ဒုတိယတော်လှန်ရေး (Second Revolution) နေ့အဖြစ် သတ်မှတ်ထားတဲ့ ၁၉၈၉ ခုနှစ် (၄၂)နှစ်မြောက် အာဇာနည်နေ့မှာ သွေးချောင်းစီးပြဿနာများနဲ့ ရင်ဆိုင်ရမယ့်အဖြစ်၊ နိုင်ငံတော်အချုပ်အခြာယိုင်လဲပြီး ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်က ပွတ်ကာသီကာ လွတ်မြောက်ခဲ့ရဖူးပါတယ်ဗျာ။

(၄၂)နှစ်မြောက် အာဇာနည်နေ့ကို ချိန်ကိုက်သတ်မှတ် လူထုအုံကြွမှုဖြစ်ပြီး ဆူပူဆန္ဒပြမှုများဖြစ်လာအောင်၊ တပ်မတော်ပြိုကွဲပြီး မင်းမဲ့စရိုက် စိုးမိုးလာအောင် သွေးထိုးလှုံ့ဆော်ခဲ့တဲ့ ဒေါ်စုကြည်နဲ့ ပုဂ္ဂိုလ်အချို့ကို ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ နံနက်က စတင်ပြီး နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများရဲ့ အန္တရာယ်က ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေအရ အရေးယူခဲ့ရပါတယ်။ သတင်းစာရှင်းလင်းရေးအဖွဲ့က ဒေါ်စုကြည်နဲ့ဦးတင်ဦးကို ဥပဒေပုဒ်မ ၁၀(ခ) အရ တားဆီးအရေးယူခဲ့ပေမယ့် NLD ပါတီကို ပါတီလုပ်ငန်း ဆက်ပြီးလုပ်ကိုင်ခွင့်ပေးကြောင်း သတင်းထုတ်ပြန်ခဲ့တာဟာ နိုင်ငံတော်ရဲ့ သဘောရိုးစေတနာကို ထင်ဟပ်စေပါတယ်ဗျာ။

ဒေါ်စုကြည်ဟာ တားဆီးမိန့် မရုပ်သိမ်းမီမှာလည်း ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းက ခြံဝရပ်လူလုံးပြပြီး နိုင်ငံတော်ကို ဆန့်ကျင်တဲ့၊ တပ်မတော်ကို ပြိုကွဲစေမယ့် အသုံးအနှုန်းတွေနဲ့ မပြတ်တရစပ် လှုံ့ဆော်ခဲ့တာပါပဲ။ ၁၉၉၅



ကျောင်းသုံး ကွန်ပါဘူးဖြင့် ပြုလုပ်ထားသည့် ချိန်ကိုက်မိုင်းကို တွေ့မြင်ရပုံ။

ခုနှစ်မှာ တားဆီးမိန့်က ရုပ်သိမ်းပြီးပြန်တော့လည်း ခရီးစဉ်အမျိုးမျိုးမှာ ဘယ်ပြညာလှမ်းပြီး လူထုအုံကြွမှုဖြစ်အောင် အမြဲတစေ ဆောင်ရွက်ခဲ့ပါတယ်။

၂၀၀၃ ခုနှစ် (၅၆)နှစ်မြောက် အာဇာနည်နေ့မတိုင်မီမှာ ဒေါ်စုကြည်ခေါင်းဆောင်တဲ့ NLD ပါတီဝင်တွေဟာ မန္တလေးနဲ့ ကချင်ပြည်နယ် စည်းရုံးရေးခရီးစဉ်တစ်လျှောက်မှာ ပါတီစည်းရုံးရေးသာမက လူစုလူဝေးဖြစ်အောင် ဖန်တီးစည်းရုံးခဲ့ပါတယ်။ ဟောပြောရာမှာလည်း အပြုသဘောဆောင်တဲ့ ဟောပြောမှုကိုမဆောင်ဘဲ အစိုးရအားနည်းချက်ကိုရှာပြီး အပြစ်အနာဆာကို ပုံကြီးချဲ့ဟောပြောခဲ့ပါတယ်။ နောက်ဆုံး ပြည်သူလူထုကို တိုက်ပွဲဝင်ဖို့၊ ဆူပူအုံကြွမှုဖြစ်ဖို့ လှုံ့ဆော်ခဲ့ပါတယ်။

ဒီအခါ နိုင်ငံတော်တည်ငြိမ်အေးချမ်းလာမှုနဲ့ ဖွံ့ဖြိုးရလဒ်တွေကို ကိုယ်တွေ့ခံစားခဲ့ကြတဲ့ ပြည်သူတွေနဲ့ ထိပ်တိုက်ရင်ဆိုင်ကြရပါတော့တယ်ဗျာ။ ဒေါ်စုကြည်ခေါင်းဆောင်တဲ့ NLD ခရီးသည်တွေဟာ သူတို့ကို မထောက်ခံတဲ့ ဒေသခံပြည်သူတွေကို ပြစ်မှတ်ထားပြီး ဒီပဲယင်းခရီးစဉ်မှာ အနောက်နိုင်ငံက ဆင်ဆာမဲ့ မော်တော်ဆိုင်ကယ်စီး လမ်းသရဲဂိုဏ်းလို ကြမ်းခဲ့ရမ်းခဲ့ပါတယ်တဲ့ဗျာ။ ဒေါ်စုကြည် ခေါင်းဆောင်တဲ့ NLD အဖွဲ့ရဲ့ ဒီပဲယင်း အရေးအခင်းကြောင့် သေဆုံးဒဏ်ရာရခဲ့ကြတဲ့ ပြည်သူများရဲ့ အစားထိုးမရဘဲ နစ်နာဆုံးရှုံးမှုဟာ ဘယ်အရာနဲ့မျှ ကုစားမရနိုင်တော့ပါဘူးဗျာ။ နိုင်ငံတော်ကသာ အချိန်မီ မထိန်းသိမ်းခဲ့ရင် နစ်နာဆုံးရှုံးမှုကို အစားထိုးတောင်းခံကြတော့မယ့် ဒေသခံတွေကြားမှာ ဒေါ်စုကြည်နဲ့ NLDပါတီဝင်တွေရဲ့အဖြစ်ဟာ မတွေးရဲစရာပါပဲဗျာ။

တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ထိုင်းနိုင်ငံ မဲဆောက်မြို့မှာ ဗမာပြည်ကွန်မြူနစ်ပါတီ လက်ကျန်အဖွဲ့မှ ကိုယ်စားလှယ်၊ ကျောင်းသားအမည်ခံ ABSDFအကြမ်းဖက် သောင်းကျန်းသူအဖွဲ့မှ ကိုယ်စားလှယ်၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ DPNS မှ ကိုယ်စားလှယ်၊ ပြည်ပြေး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD(LA)မှ ကိုယ်စားလှယ်များ တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်း လူထုဆူပူအုံကြွမှုများ ပေါ်ပေါက်စေရန် ရည်ရွယ်တဲ့ လူထုတိုက်ပွဲစီမံချက် (မူကြမ်း) တစ်စောင်ကို ပြုစုရေးဆွဲခဲ့ပါတယ်။

မေလ ၂၂ရက်နေ့မှာ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ လူထုတိုက်ပွဲစီမံချက် (မူကြမ်း)နဲ့ ပတ်သက်တဲ့ အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့တယ်လို့ ဆိုပါတယ်ဗျာ။ ဒီအစည်းအဝေးမှာ KNU၊ DPNS၊ ALP ရခိုင်သောင်းကျန်းသူ၊ ABSDF၊ NLD(LA)အဖွဲ့တို့ တက်ရောက်ခဲ့ကြတယ်။ လူထုတိုက်ပွဲစီမံချက် (မူကြမ်း)ကို ဆွေးနွေးပြီး လူထုတိုက်ပွဲအရှိန်မြှင့်တင်ရေး၊ စစ်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ရေး၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းကို ထိုးဖောက်ရေး၊ နိုင်ငံတကာ (Campaign)များ တိုးမြှင့်ဆောင်ရွက်ရေးကို သဘောတူဆုံးဖြတ်ခဲ့ကြတယ်။ ရှေ့လုပ်ငန်းစဉ်များကိုလည်း အဖွဲ့အစည်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရေးကို ဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။



ထမင်းဘူးဖြင့် ထည့်ထားသည့် ချိန်ကိုက်မိုင်းနှစ်လုံးကို တွေ့ရှိရပုံ။

၂၀၀၂ခုနှစ် နှစ်ကုန်ပိုင်းကစတင်ပြီး KNU နဲ့ NCGUB အဖွဲ့၊ NCUBအင်အားစုများ၊ NLDနှင့် မြေပေါ်နိုင်ငံရေးအဖွဲ့များ၊ ငြိမ်းချမ်းရေးအဖွဲ့၊ ကျောင်းသားလူငယ်များ၊ ရဟန်းသံဃာ၊ အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်များကို လူထုတိုက်ပွဲ စီမံချက်ထဲမှာ တိုက်ပွဲဝင်အင်အားစုအဖြစ် သတ်မှတ်ခဲ့ပါတယ်။ KNU နဲ့ ပြည်ပရောက်အကြမ်းဖက်သောင်းကျန်းသူ အုပ်စုဟာ လူထုကိုစိတ်ကူးနဲ့ ပုံဖော်ခဲ့ပေမယ့် ဖောက်ခွဲဖျက်ဆီးရေးသမားတွေကို စေလွှတ်ပြီး ဖောက်ခွဲဖျက်ဆီးခဲ့တဲ့အတွက် အပြစ်မဲ့ပြည်သူတွေသာ အသက်ဆုံးရှုံး ဒဏ်ရာရခဲ့ပါတယ်ဗျာ။

ဒါနဲ့အားမရ (၅၆)နှစ်မြောက် အာဇာနည်နေ့ကို မိုက်ရက်ရွေးပြီး အကြမ်းဖက်သောင်းကျန်းသူများ၊ ပြည်ပရောက် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက စီစဉ်လုပ်ဆောင်ခဲ့ကြပါတယ်။ နိုင်ငံတော်က ကြိုတင်သိရှိပြီး စုံစမ်းဖော်ထုတ်ခဲ့တဲ့အခါ ဖောက်ခွဲဖျက်ဆီးရေးသမား ကိုးယောက်၊ ယူဂျီသုံးယောက် စုစုပေါင်း ၁၂ ယောက်ကို ဖောက်ခွဲဖျက်ဆီးမယ့် လက်နက်ခဲယမ်းတွေနဲ့အတူ ဖမ်းဆီးရမိလိုက်ပါတယ်တဲ့ဗျာ။

ဒေါ်စုကြည်ခေါင်းဆောင်တဲ့ NLDအဖွဲ့ကလည်း စည်းရုံးရေးလုပ်ငန်းစဉ်တစ်လျှောက်လုံး လူထုအုံကြွဆူပူမှုဖြစ်အောင် ဒီပဲယင်းပဋိပက္ခအထိ ဆောင်ရွက်ခဲ့တာ တွေ့ခဲ့ရပါတယ်။ ဒေါ်စုကြည်နဲ့ NLD ဟာ (၄၂) နှစ်မြောက် အာဇာနည်နေ့တုန်းကလည်း လူထုအုံကြွ ဆူပူမှုဖြစ်အောင် လုပ်ခဲ့ဖူးပြန်တော့ (၅၆)နှစ်မြောက် အာဇာနည်နေ့မှာ ဖောက်ခွဲမှုလုပ်ဖို့ ကြိုးစားသူတွေနဲ့ တစ်ကျိတ်ထဲလား တစ်ကြံတည်းလားဆိုတာ ကာကယံရှင်များသာ သိနိုင်ပါလိမ့်မယ်။

နိုင်ငံတော်အစိုးရနဲ့ အေးအေးချမ်းချမ်းနေလိုတဲ့ ပြည်သူတွေကတော့ နိုင်ငံတော်တည်ငြိမ်ရေးကို အခြေခံပြီး ဖြစ်ထွန်းလာတဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သူမှန်သမျှကို **တစ်စိတ်တည်း တစ်ဝမ်းတည်း** ထားပြီး ကာကွယ်ကြရပါလိမ့်မယ်။ ဒါပေမယ့် နိုင်ငံခြားအသံလွှင့်ဌာနတွေက တစ်ကျိတ်တည်း တစ်ကြံတည်း ဆင်သေကို ဆိတ်သားရေနဲ့ဖုံးနေကြပြန်ပါတယ်။ လွန်ခဲ့တဲ့ ရက်သတ္တသုံးပတ်လောက်က RFAအသံလွှင့်ဌာနက နံနက်စောစောပိုင်းမှာ စာရေးသူဟာ အစိုးရကောင်းကြောင်း ရေးနေသူဖြစ်ကြောင်း စာရေးသူရဲ့ **လူကုန်ကူးမှု တားဆီးကာကွယ်ရေး** ဆောင်းပါးတစ်ပုဒ်ကို ကြမ်းပိုးက လိပ်ဖြစ်အောင် ဝေဖန်သွားခဲ့ပါတယ်ဗျာ။

အခုလည်း စာရေးသူဟာ နိုင်ငံတော်တည်ငြိမ်ရေးကို အခြေခံပြီး ဖွံ့ဖြိုးလာတဲ့ နိုင်ငံတော်ဖွံ့ဖြိုးမှုရဲ့ ရလဒ်ကို ကိုယ်တွေ့ခံစားရသူဖြစ်လို့ နိုင်ငံတော်တည်ငြိမ်ရေးကို ဟန့်တားနှောင့်ယှက်သူမှန်သမျှ နိုင်ငံတော်နဲ့ ပြည်သူနဲ့အတူ **တစ်စိတ်တည်း တစ်ဝမ်းတည်း** ဆန့်ကျင်ရေးသားလိုက်ရပါတော့တယ်ဗျာ။ ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များ ကျောက်တံခါးမြို့နယ်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

✻ ရွှေကျင်ဒေသမှ

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကျောက်တံခါးမြို့နယ်ရှိ ဒေသခံ တပ်ရင်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒေသခံတပ်ရင်း ညီ့ ရိပ်သာ၌ ကျောက်ကြီးမြို့နယ်မှ ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ကျောက်ကြီးမြို့နယ် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်ကျော်လွင်နှင့် တာဝန် ရှိသူများက မြို့နယ်၏ တည်ငြိမ် အေးချမ်းမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ ပညာရေး၊ ကျန်းမာရေး အခြေ အနေများကို ရှင်းလင်းတင်ပြကြ သည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက မိမိတို့ ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်မှူးချုပ်ကိုကိုက ကျောက်ကြီး မြို့နယ် အခြေအနေနှင့် စပ်လျဉ်း၍ ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကိုမှာကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျောက်ကြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့အား ကျောက်ကြီးမြို့နယ်မှ လူမှုရေးအသင်း အဖွဲ့များအတွက် မ,တည်ထောက်ပံ့ ငွေများကို ပေးအပ်သည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဒေသခံတပ်ရင်းမှ အရာရှိ၊ စစ်သည် နှင့် မိသားစုများအားတွေ့ဆုံနှုတ်ဆက် သည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် ကျောက်တံခါးမြို့ စည်ပင်သာယာ ခန်းမသို့ ရောက်ရှိကြရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆို ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် စည်ပင်သာယာ ခန်းမ၌ ကျောက်တံခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်း များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ သည်။

ရှင်းလင်းပြောကြား

ထိုသို့ တွေ့ဆုံရာတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးခင်သန်းနှင့်ပညာရေး၊ ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူ များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်း၊ မြို့နယ် အမျိုး သမီးရေးရာလုပ်ငန်းကော်မတီ၊မြို့နယ် မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ဌာနအလိုက်၊ အသင်းအဖွဲ့အလိုက် ဆောင်ရွက်ချက် များကို ရှင်းလင်းတင်ပြကြရာ ပညာ ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က ပညာရေး ဆိုင်ရာ ကိစ္စများကို ရှင်းလင်းဖြေကြား သည်။

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင် ရွက်ပေးသည်။

ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေ အနေများကို ပဏာမရှင်းလင်း ပြော ကြားပြီး နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ခေတ်မီ နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် နိုင်ငံ တော်၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက် ရန် လိုအပ်ပုံ၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိ၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှုခိုင်မာရန် အရေး ကြီးပုံတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး က မြို့နယ် အမျိုးသမီးရေးရာလုပ်ငန်း ကော်မတီဝင် ဒေါ်သန်းအေးအား လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင် က မြို့နယ် မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှ ဌေးအားလည်းကောင်း၊ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူး ချုပ် သန်းထွန်းက မြို့နယ်ကြက်ခြေနီ အသင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာကျော်ဇေယျအား လည်း ကောင်း ကော်မတီနှင့် အသင်းတို့ အတွက် မ,တည်ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

မ,တည်ထောက်ပံ့

ဆက်လက်၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က မြို့နယ် လူမှုရေးအသင်းအဖွဲ့များ အတွက် မ,တည်ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကျောက်တံခါးမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များ၊ မြို့မိ မြို့ဖများနှင့် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ရွှေကျင်သို့ရောက်ရှိ

ဌာနဆိုင်ရာများနှင့် တွေ့ဆုံအပြီး တွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း နှင့် အဖွဲ့ဝင်များသည် ရွှေကျင်မြို့သို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်ဝင်းမြင့်၊ ရွှေကျင်မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စစ်တောင်းမြစ်ကူး စစ်တောင်းတံတား (ရွှေကျင်- မဒေါက်)မှ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် စစ်တောင်းမြစ်ကူး တံတားကြီးနှင့် တံတားပတ်ဝန်းကျင်အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ရွှေကျင်မြို့သို့ ရောက်ရှိကြသည်။

ရေအားလျှပ်စစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ် ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၂ရက် နံနက် ၇နာရီခွဲတွင် ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်အကွာ ကျောက်နဂါး ကျေးရွာအနီး၌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ် ဦးစီး ဌာန အမှတ်(၄) တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရှေးဦးစွာ ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတာမံ တည်နေရာနှင့် စက်ယန္တရားကြီးများ ဖြင့် စီမံကိန်းလုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေး ကြသည်။

စီမံကိန်းလုပ်ငန်းများရှင်း

ထို့နောက် စီမံကိန်း ရှင်းလင်း ဆောင်၌ ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအေးဝင်းက ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့မှု၊ လက်ရှိ အကောင်ထည်ဖော်လျက် ရှိသည့် စီမံကိန်းလုပ်ငန်းများ၊ စီမံကိန်း ပြီးစီးပါက ရရှိလာမည့် လျှပ်စစ်ဓာတ် အား ပမာဏနှင့် ထုတ်ယူရရှိမည့် လျှပ်စစ်ဓာတ်အားများကို နိုင်ငံ တော် ဓာတ်အားကွန်ရက်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးသွားရန် စီစဉ် ထားသည့် အခြေအနေများကို မြေပုံ ကားချပ်များဖြင့် ရှင်းလင်းတင်ပြ သည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက စီမံကိန်းလုပ်ငန်းများကို သတ်မှတ် ကာလ ပြီးစီးအောင် ကြိုးပမ်းဆောင် ရွက်ရေး၊ လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေး၊ လုပ်သားများ၏ ကျန်းမာရေးဆိုင်ရာ ကိစ္စများကို မှာကြားသည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းမှာ စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းများတွင် ပါဝင်သည့် ရေအား လျှပ်စစ်စီမံကိန်းတစ်ခုဖြစ်သည်။

တမံတည်ဆောက်ရမည်

စီမံကိန်းအရ တမံအလျားပေ ၃၆၁၀၊ တမံအမြင့် ၁၈၅ပေရှိ ဇုန် အမျိုးအစားကျောက်ဖြည့်တမံနှင့် တမံ အလျားပေ၄၂၇၀၊ တမံအမြင့် ၁၀၂ပေ ရှိသည့် ကုန်းကျောတမံတို့ကို တည် ဆောက်သွားရမည်ဖြစ်သည်။

ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း တွင် ရေအားလျှပ်စစ် စက်ရုံနှစ်ရုံ တည်ဆောက် သွားမည်ဖြစ်သည်။ ရေအားလျှပ်စစ် စက်ရုံ(၁)တွင် ၁၈ ဒသမ ၇၅ မဂ္ဂါဝပ်ရှိ စက်လေးလုံး တပ်ဆင်သွားမည်ဖြစ်ပြီး ရေအား လျှပ်စစ် စက်ရုံ(၂)တွင် ရှစ်မဂ္ဂါဝပ်ရှိ စက်တစ်လုံး တပ်ဆင်သွားမည်ဖြစ် သည်။ စုစုပေါင်း ရေအားလျှပ်စစ် ၈၃မဂ္ဂါဝပ် ထုတ်ယူရရှိမည့် စီမံကိန်း တစ်ခုဖြစ်သည်။

ခုတင်-၁၀၀ ဆေးရုံ

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရွှေကျင် ရေအား လျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရွှေကျင်မြို့နယ် ခုတင်-၁၀၀ဆေးရုံ ဆောက်လုပ်ရေး စီမံကိန်းသို့ ရောက်ရှိကြရာ ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်မြင့်က စီမံကိန်းလုပ်ငန်း များ ဆောင်ရွက်နေသည့် အခြေအနေ များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ခုတင်-၁၀၀ဆေးရုံ ပုံစံငယ်ကို လည်း ကောင်း၊ ဆေးရုံ အဆောက်အအုံ ဆောက်လုပ်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြ သည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် ရွှေကျင်မြို့ ဒေသခံတပ်ရင်း မြဝတီ ခန်းမ၌ ရွှေကျင်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွေးမြင့်က မြို့နယ်၏ စိုက်ပျိုးမြေဧက၊ မိုးစပါးနှင့် အခြား သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုများ၊ ရော်ဘာ၊ သစ်ဆိမ့်၊ ဆီအုန်းစိုက်ပျိုးမှုများ၊ ပညာရေး၊ ကျန်းမာရေး ကိစ္စများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် ချက်များ၊ မြို့နယ်ဖွံ့ဖြိုးရေးဆောင်ရွက် ချက်များနှင့်ဖြည့်ဆည်းပေးရန် လိုအပ် သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရွှေကျင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကိုလည်းကောင်း၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်ဝင်းမြင့် က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး များ ဖြစ်ကြသည့် ဗိုလ်မှူးချုပ် စိုးဝင်းမောင်နှင့် ဒေါက်တာမြဦးတို့က ပညာရေး၊ ကျန်းမာရေးဆိုင်ရာများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း က ပဲခူးခရိုင်အတွင်းရှိ မြို့နယ်များ တွင် ရုပ်မြင်သံကြား အစီအစဉ်များ ကောင်းမွန်စွာ ဖမ်းယူရရှိရေး စီစဉ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ များကို ရှင်းလင်းတင်ပြသည်။

စစ်တောင်းမြစ်ကူးစစ်တောင်းတံတား(ရွှေကျင်-မဒေါက်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ရွှေကျင်မြို့ ဒေသခံတပ်ရင်း မြဝတီခန်းမ၌ ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွေးမြင့်က မြို့နယ်၏ စိုက်ပျိုးမြေဧက၊ မိုးစပါးနှင့် အခြားသီးနှံစိုက်ပျိုးဖြစ်ထွန်းမှုများ၊ ရော်ဘာ၊ သစ်ဆိမ့်၊ ဆီအုန်းစိုက်ပျိုးမှုများ၊ ပညာရေး၊ ကျန်းမာရေး ကိစ္စများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ မြို့နယ်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များနှင့်ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရွှေကျင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကိုလည်းကောင်း၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်ဝင်းမြင့်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်မှူးချုပ်

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာ၌ ရွှေကျင်မြို့သည် ယခင်ခေတ်ကာလများနှင့် မတူ ဖွံ့ဖြိုးတိုးတက်လာသည်ကိုတွေ့ရကြောင်း။

ရွှေကျင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း၊ ခုတင်-၁၀၀ဆေးရုံသစ်တည်ဆောက်ရေးစီမံကိန်း၊စစ်တောင်းတံတား (ရွှေကျင်-မဒေါက်)စီမံကိန်းစသည့် စီမံကိန်းလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊အချို့စီမံကိန်းများမှာ ပြီးစီးနေပြီဖြစ်ကြောင်း။

အောင်မြင်စွာကျော်ဖြတ်

ရွှေကျင်ဒေသသာမက ပြည်ထောင်စုကြီး၏ ကျန်ဒေသများပါ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ဝန်ထမ်းများ၊ ပြည်သူများ ညီညွတ်စွာဖြင့် ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်မှု များကြောင့် အခက်အခဲ၊ အတားအဆီး၊ အနှောင့်အယှက် အမျိုးမျိုးကို အောင်မြင်စွာ ကျော်ဖြတ် ဆောင်ရွက်နိုင်ခဲ့ကြပြီး ဖြစ်ကြောင်း။

ဥပုသ်နေ့တွင် ဘုရားကြီးသို့ လာရောက်၍ သီလချီးမြှင့်သည့် ဆရာတော် သံဃာတော်များအား ကြည်ညို၍ နဝကမ္မအလှူငွေများကို ဆရာတော် သံဃာတော်များကိုယ်စား ကပ္ပိယ တစ်ဦးအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဥပုသ်သီတင်း ဆောက်တည်သူ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဘုရားကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်သည်။

မှာကြားနှုတ်ဆက်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဒေသခံတပ်ရင်းသို့ သွားရောက်ပြီး မြဝတီခန်းမ၌ ရွှေကျင်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။

ထိုအချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

သီရိရတနာခန်းမ၌ ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ဖွံ့ဖြိုးတိုးတက်

တွေ့ဆုံပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲနိုင်က မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုများ၊ နှစ်ရှည်ပင်စိုက်ပျိုးမှုများ၊ စပါး၊ ငါးကန် ဆောင်ရွက်ထားမှုများ၊ မွေးမြူရေး လုပ်ငန်းဆောင်ရွက်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

စိစစ်မေးမြန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက မြို့နယ်၏ လိုအပ်ချက်များကို စိစစ်မေးမြန်းပြီး မြို့နယ် ဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း ရွှေကျင်မြို့နယ် ခုတင်-၁၀၀ ဆေးရုံ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အောင် နည်းမျိုးစုံဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ကို သတိထားရန် လိုကြောင်း။

ဦးထမ်းပဲ့ထမ်း

မည်သို့ပင် ဖိအားပေးမှု၊ သွေးခွဲသပ်လျှိုမှုများရှိစေကာမူ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ အပြန်အလှန် နားလည်မှုရှိရှိ၊ ဟန်ချက်ညီညီ ဦးထမ်းပဲ့ထမ်း၍ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သွားရန် အရေးကြီးကြောင်း ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကလည်း နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို မည်သို့မည်ပုံ ကြိုးကြိုးစားစား တည်ဆောက်ခဲ့ရသည်များကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ထို့နောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီးများက ညောင်လေးပင် မြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များ အတွက် မ,တည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ဝက်မွေးမြူရေးခြံ အမှတ်(၂)၌ ဝက်များမွေးမြူထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ စက်ရုံ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့ဝင်များအား မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ရှင်းလင်းတင်ပြရာ၌ ဒိုက်ဦးအစာစပ်စက်ရုံနှင့် ဝက်မွေးမြူရေးခြံများကို အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ လွှဲပြောင်းလက်ခံခဲ့ပြီး ဝက်မွေးမြူခြင်းလုပ်ငန်းကို Large White မျိုးဝက် ၈၉ကောင်ဖြင့် စတင်ဆောင်ရွက်ခဲ့ပါကြောင်းဖြင့် ရှေးဦးစွာ ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်ရုံမှူး ဗိုလ်မှူးပြည့်စုံက ဝက်များကို အဆောက်လိုက် စနစ်တကျ မွေးမြူထားမှု၊ ဝက်မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးရောင်းချရေးအတွက် မျိုးစပ်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မှုများ၊ ဝက်မျိုးမြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ချက်များ၊ မျိုးဝက်ဖြန့်ဖြူးခြင်းနှင့် အသားတိုးဝက် ရောင်းချနိုင်မှုများ၊ ဝက်စာ၊ ကြက်စာ၊ ဘဲစာနှင့် ငါးစာထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မေးမြန်းမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်ချက်များကို မေးမြန်းမှာကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စိုးဝင်းမောင်နှင့် ဒေါက်တာမြဦးတို့က ပညာရေး၊ ကျန်းမာရေးဆိုင်ရာများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပဲခူးခရိုင်အတွင်းရှိ မြို့နယ်များတွင် ရုပ်မြင်သံကြား အစီအစဉ်များ ကောင်းမွန်စွာ ဖမ်းယူရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍လည်း ကိုယ့်အားကိုယ်ကိုးကာ ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပေးအပ်

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ရွှေကျင်မြို့နယ်မှ လူမှုရေး အသင်းအဖွဲ့များအတွက် မ,တည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဖူးမြော်ကြည်ညို

ဌာနဆိုင်ရာများနှင့် တွေ့ဆုံအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရွှေကျင်မြို့ ဆံတော်ရှင် မဟာဗုဒ္ဓဘုရားကြီးသို့ သွားရောက်ကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဆုတောင်းပြည့် အမိဌာန်အောင် ရောင်တော်ပွင့် စေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည်

အလားတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် ရွှေကျင်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားသည်။

ကြည့်ရှုအားပေး

ထို့အတူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး လူနာများအား ကြည့်ရှုအားပေးပြီး ခွဲစိတ်ခန်း၊ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ မြို့နယ် ဆရာဝန်နှင့် ဆရာမများအား တွေ့ဆုံမှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရွှေကျင်မြို့ကို လှည့်လည်ကြည့်ရှုပြီး စစ်တောင်းတံတား(ရွှေကျင်-မဒေါက်)ကိုလည်း ထပ်မံကြည့်ရှုကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် ညောင်လေးပင်မြို့သို့ရောက်ရှိကြပြီး

ရေးအတွက် ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ညီညီညွတ်ညွတ် ကြိုးပမ်းရန် အရေးကြီးကြောင်း။

ညောင်လေးပင်ဒေသသည် နိုင်ငံတော်အတွက် အားထားရသော နိုင်ငံသားကောင်းများ ပေါက်ဖွားရာဒေသဖြစ်၍ အစဉ်အလာကောင်းကို ထိန်းသိမ်းပြီး အနာဂတ် နိုင်ငံသားကောင်းများအား ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း။

နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားတည်ဆောက်နေရသကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူများအား ကာကွယ်စောင့်ရှောက်နိုင်သည့် စွမ်းအင်ထက်မြက်သော ခေတ်မီ တပ်မတော် ဖြစ်လာအောင်လည်း တစ်ပြိုင်တည်း ကြိုးစားနေရကြောင်း။

လက်တွဲညီညီ

ယနေ့ အချိန်ကာလအထိ နိုင်ငံတော်တစ်ဝန်းရရှိခဲ့သော တိုးတက်အောင်မြင်မှုများသည် တပ်မတော်နှင့် ပြည်သူတို့ လက်တွဲညီညီ ပူးပေါင်း အကောင်အထည် ဖော်နိုင်ခဲ့၍ဖြစ်ကြောင်း။

မိမိတို့အပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်လိုသော နိုင်ငံကြီးများက မိမိတို့၏ စည်းလုံးညီညွတ်မှုအင်အားပြိုကွဲပြီး ၎င်းတို့၏ ဩဇာခံဘဝသို့ကျရောက်

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဒိုက်ဦးမြို့နယ်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၊ မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း၏ ဒိုက်ဦးအစာစပ်စက်ရုံနှင့် ဝက်မွေးမြူရေးခြံများသို့ ရောက်ရှိပြီး ဝက်မွေးမြူရေးခြံ အမှတ်(၁)ရှိ အဆောင်လိုက် မွေးမြူထားသော ဇီးနုဝက်မများနှင့် ရောင်းတမ်းဝင် အသားတိုးဝက်များ၊ ဇီးရင့်/သားဖွားဝက်များနှင့် သားခွဲဝက်ငယ်များ၊ နို့ပေးဝက်သား အုပ်မများ၊ နို့ပေးသားထိန်းဝက်မများနှင့် အသားတိုးဝက်လတ်များ၊ သားတင်၊ သားစပ်၊ ဝက်သိုးနှင့် မျိုးဝက်မများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အစာစပ်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ငါးစာတောင့်၊ ဝက်စာတောင့်များ၊ အစာကုန်ကြမ်းများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၀၃(သောကြာနေ့)

နံနက်ပိုင်း၊

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း၊

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၂၅ ၃။ Practice in Reading
၄:၃၅ ၄။ တေးဂီတအစီအစဉ်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (သင်္ချာ)
၅:၀၀ ၆။ **ရွှေပေးလို့မရ (အပိုင်း-၃) (ပန်းဖြူ၊ ခိုင်သင်းကြည်၊ လှအဥ္ဇလီတင့်) (ဒါရိုက်တာ-မောင်နှင်းမိုး) (ရှမ်းဘာသာစကားဖြင့်)**
၅:၁၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၅:၂၅ ၈။ ၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ(ဝါသနာရှင်အဆင့်) (အမျိုးသား၊အမျိုးသမီး)
၅:၄၀ ၉။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၅၀ ၁၀။ လက်ဆင့်ကမ်းပေး ဂီတတေး
၆:၀၀ ၁၁။ တေးဂီတအစီအစဉ်
၆:၁၅ ၁၂။ Discovery.
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ Milo Success in Soccer.
၇:၁၀ ၁၆။ မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲ (အပိုင်း-၃)
၇:၂၀ ၁၇။ နှောင်းခေတ်တေးပဒေသာ
၇:၃၀ ၁၈။ ယဉ်ကျေးမှုအမွေ သမိုင်းသက်သေ (ဗိသနိုးမြို့ဟောင်းတူးဖော်မှု)
၇:၄၀ ၁၉။ နိုင်ငံဖွံ့ဖြိုးပြည့်အကျိုး
၈:၀၀ ၂၀။ ပြည်တွင်းသတင်း
၂၁။ နိုင်ငံတကာသတင်းများ
၂၂။ မိုးလေဝသအခြေအနေ
၂၃။ **ဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ရာမာယဏဇာတ်တော်ကြီး (ဒုတိယဆု) (ရန်ကုန်တိုင်း-၁)(ဒုတိယပိုင်း)**
၂၄။ နောက်တစ်နေ့အစီအစဉ်
၂၅။ အစီအစဉ်ပြီး၏။

ရတနာမဥ္ဇူ ဓမ္မရိပ်သာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၄

ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း(ခ)ရပ်ကွက် ၂လမ်းရတနာမဥ္ဇူဓမ္မရိပ်သာ၌ ဩဂုတ်၂၀ရက်နံနက်ပိုင်းမှစ၍ ၂၇ရက်နံနက်ပိုင်းအထိဖွင့်လှစ်မည်ဖြစ်သည်။ ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်းမဟာသဒ္ဓမ္မဇောတိကဓဇ ဦးဆောင်သော ကမ္မဋ္ဌာနာစရိယများက ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဩဂုတ် ၂၀ရက် နံနက်၇နာရီအရောက် ရတနာမဥ္ဇူဓမ္မရိပ်သာသို့ လာရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ရွှေကျင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

✡ **စာမျက်နှာ ၉မှ**

ဒိုက်ဦးဝက်ခြံအနေဖြင့် ဝက်မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးနိုင်ရေးအတွက် ဝက်မွေးမြူခြင်း လုပ်ငန်းများကို ခေတ်မီ စနစ်တကျ မွေးမြူလျက်ရှိသည်။ ယခုအခါ ဝက်မျိုးကောင်းမျိုးသန့် ၁၅၀၀၀ကျော် မွေးမြူထားပြီး ကောင်ရေ ၁၈၀၀၀အထိ တိုးချဲ့မွေးမြူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အစာစပ်စက်ရုံကလည်း ဝက်စာ၊ ကြက်၊ဘဲစာ၊ ငါးစာများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။ ငါးစာတောင့်များကို ကြိုက်နှစ်သက်မှု များပြားနေသဖြင့် အလုံအလောက် ဖြန့်ဖြူးနိုင်ရန်ကြိုးပမ်းစီစဉ် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ညနေ ၆နာရီတွင် ပဲခူးမြို့နယ် ပျဉ်ပုံကြီးရှိ ဒေသခံတပ်ရင်းသို့ ဝင်ရောက်ပြီး အရာရှိ၊စစ်သည်နှင့်မိသားစုများအားတွေ့ဆုံ၍စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်နိုင်သည့် အခြေအနေများကို မေးမြန်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

အစိုးရပါဠိပထမပြန်စာမေးပွဲ အာဂုံဆောင်ကျမ်းများထုတ်ဝေ

ရန်ကုန် ဩဂုတ် ၁၄

နိုင်ငံတော် အစိုးရ ပါဠိပထမပြန်စာမေးပွဲဝင်ရဟန်း၊သာမဏေ၊ သီလရှင်တို့လက်စွဲပြုရမည့် အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) အောင်သိဒ္ဓိကျောင်း ဓမ္မသုခတိုက်ဗဟန်း ရန်ကုန် အရှင်မြတ်ရေးသားအပ်သော အာဂုံဆောင် ကင်္ခါကျမ်း၊ အာဂုံဆောင် ရူပသိဒ္ဓိကျမ်းနှင့် အာဂုံဆောင်ဋီကာ ကျော်ကျမ်းများကို အမှတ် ၁၉ရွှေမီးအိမ်စာပေ ရွှေတိဂုံတောင်ဘက်ဈေးတော်ရုံက တစ်ပြည်လုံးသို့ ဖြန့်ချိသည်။ ယင်းစာအုပ်များ၌ မေးကွက်ကောင်းသော အဓိပ္ပာယ်များ၊ အစိုးရစာမေးပွဲ နှစ်ပေါင်း ၄၀ ကျော် ပုစ္ဆာအဖြေများပါရှိပြီး ရွှေတိဂုံဘုရား စာအုပ်ဆိုင်များ၊ မန္တလေးဈေးချိုရှိ စာအုပ်ဆိုင်များနှင့် ထွန်းဦးစာပေတို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တက္ကသိုလ် Student's Guide Physics ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တက္ကသိုလ် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များက စီစဉ်ရေးသား လမ်းညွှန်သည့် Student's Guide ဘာသာစုံသင်ရိုးကုန် စာစောင်များကို တစ်ဘာသာချင်းအလိုက် နှစ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိရာ ယခု ၂၀၀၃-၂၀၀၄ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်း (ဒသမတန်း) ဖြေဆိုမည့်ကျောင်းသား၊ကျောင်းသူများအတွက် ရူပဗေဒဘာသာရပ် သင်ရိုးကုန် စာအုပ်ကို ထုတ်ဝေဖြန့်ချိထားသည်။**(ယာပုံ)** ဆက်သွယ်ရန်မှာ ဦးမင်းဦး၊ ဌာနမှူး (သင်တန်းရေးရာ)၊ ဘွဲ့နှင်းသဘင်အဆောက်အအုံ၊ ရန်ကုန်တက္ကသိုလ်၊ ဖုန်း-၅၃၆၅၀၃ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

ဩဂုတ် ၁၀ ရက်က အမက(၂၇) အင်းစိန်မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် အလှူရှင်ဦးသန်းအေး၊ဒေါ်တင်တင်မိုး၊ သမီး မနှင်းရတနာမိုး၊ သား မောင်ကျော်ဇေယျာမိုးတို့က စကားပြောစင်အတွက် အလှူငွေကျပ်၅၅၀၀၀ကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်း ညောင်လေးပင်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များအတွက် မတည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများသို့ ပေးအပ်စဉ်။ (သတင်းစဉ်)



အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၄

Aung Tharaphu GCE Training Center တွင် အင်္ဂလိပ်ဘာသာရပ်များဆိုင်ရာ GCE, TOEFL & IELTS စသည့် နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ရသင်တန်းများနှင့် English Language Speaking သင်တန်းများကို လစဉ်ပုံမှန်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် TOEFL စာမေးပွဲအတွက် Mock Tests များကိုလည်း ကျောင်းသားများအတွက် အပတ်စဉ်စီစဉ်ပေးလျက်ရှိသည့်အပြင် TOEFL စာမေးပွဲကိုလည်း လစဉ်ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အမှတ်၁၀၅ လမ်းမတော်လမ်း၊ သံဈေးရှေ့ ဖုန်း-၂၁၂၃၅၇နှင့်၂၅၂၈၂၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး၊ ပြည်သူ့အကျိုး

ဒဂုံမြို့နယ်အမက(၁၀)နှင့် လမ်းမတော်မြို့နယ် အထက(၁)တို့၌ ကျောင်းကျန်းမာရေးသီတင်းပတ် လုပ်ရှားဆောင်ရွက်မှုများကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ ကြီးမှူးစီစဉ်မှုဖြင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားဆောင်ရွက်မှုများကို ယနေ့နံနက်၈နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ ဒဂုံမြို့နယ်အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ဆရာမများတက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေ့ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းသား၊ကျောင်းသူများ၏ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှား ဆောင်ရွက်မှုများဖြစ်သော ကျောင်းကျန်းမာရေးပညာပေးပြခန်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ မှတ်တမ်းများ၊ စာစီစာကုံးပြိုင်ပွဲ ကျင်းပခြင်းမှတ်တမ်းများနှင့် ကျောင်းကျန်းမာရေးဆိုင်ရာသတင်း၊ ဓာတ်ပုံမှတ်တမ်းများ ပြကွင်းပြကွက် တို့ကို ကြည့်ရှုစစ်ဆေးအားပေးကြရာကျောင်းအုပ်ဆရာကြီး ဦးဇော်မင်းထိန်နှင့် ကျောင်းသား၊ ကျောင်းသူများက ရှင်းလင်းပြသကြသည်။

ထို့နောက်ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူလေးများ၏ ကျန်းမာရေးကဗျာ ရွတ်ဆိုမှု၊ ကာယပညာကဗျာရွတ်ဆိုမှု လှုပ်ရှားသရုပ်ဖော်တင်ဆက်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးအတွက် အရပ်နှင့်ကိုယ်အလေးချိန် တိုင်းတာခြင်း၊ သွေးအုပ်စုစစ်ဆေးမှတ်တမ်းများပြုစုခြင်းနှင့် အာဟာရကျွေးခြင်းတို့ကို ကြည့်ရှုအားပေးကြသည်။

အလားတူ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားဆောင်ရွက်မှုများကို နံနက်၉နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကိုက အမှာစကားပြောကြားသည်။

ပညာပေးဟောပြော

ထို့နောက် ကျောင်းကျန်းမာရေးအသိပညာပေး ဟောပြောမှုအဖြစ် Care Myanmar မှ ဒေါက်တာစစ်နိုင်နှင့် ဒေါက်တာသန္တာခင်တို့က HIV ရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောကြသည်။

ထို့နောက် မူလတန်းကျောင်းသား၊ ကျောင်းသူများက "ကျန်းမာပျော်ရွှင်၊ ပညာသင်" ကဗျာကိုရွတ်ဆို သရုပ်ဖော်တင်ဆက်ကြပြီး အထက်တန်းကျောင်းသား၊ ကျောင်းသူများက အသင်းလေးသင်းဖြင့် ကျန်းမာရေးဆိုင်ရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကိုပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့ပြင်ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးအတွက် သွား၊မျက်စိနှင့် သွေးအုပ်စုများ စစ်ဆေးခြင်း၊ အရပ်နှင့်ကိုယ်အလေးချိန် တိုင်းတာခြင်းများကို ဆောင်ရွက်ကြသည်။

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားဆောင်ရွက်မှုများအဖြစ် ကမ္ဘာ့ကျန်းမာရေးဆိုင်ရာ သတင်းများကို Internetမှတစ်ဆင့် ကြည့်ရှုလေ့လာခြင်း၊ ကျန်းမာရေး အသိပညာပေး Video ပြခန်း၊ ပိုစတာနှင့်သတင်းမှတ်တမ်းပြခန်း၊အစာအုပ်စုသုံးမျိုးနှင့် နှယ်မြက်သစ်ပင် ဆေးဖက်ဝင်သည့် ပရဆေးပြခန်းနှင့် ကျောင်းကျန်းမာရေး သီတင်းပတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများမှ ဆုရစာမူများ ပြခန်းတို့ကို ပြသထားပြီး အလှူရှင်များက မူလတန်းကျောင်းသား၊ ကျောင်းသူများအား အာဟာရများ ကျွေးမွေးကြသည်။

(သတင်းစဉ်)

မနောကြာဖြူမဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၄

မင်းသိင်္ခ ကြီးကြပ်တည်းဖြတ်သော မနောကြာဖြူမဂ္ဂဇင်း စက်တင်ဘာလထုတ်ကို ပြုံးပန်းတစ်ရာ စာပေက ဖြန့်ချိထားသည်။ ယင်းမဂ္ဂဇင်းတွင် ဂမ္ဘီရ၊ အာရောဂျနှင့်အတူ စိတ်ဝင်စားဖွယ်ရာများ စုံလင်စွာဖြင့် ပြုံးပန်းတစ်ရာစာပေအမှတ်(၁၅၆) ၃၇လမ်း ကျောက်တံတားမြို့နယ်၊ ဖုန်း-၂၄၅၃၆၀နှင့် ၂၅၂၅၃၈တို့က ဖြန့်ချိထားသည်။ **(အပေါ်ပုံ)** (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၄။ နားဝင်ငြိမ့်စီးသီချင်းကြိုး
၄:၂၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅	၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၄:၅၅	၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၅	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ဒုတိယနှစ် (ဥပဒေပညာ) (ခ) တတိယနှစ် (အင်္ဂလိပ်စာ)
၅:၃၅	၁၀။ ပညာခေတ်
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နေခြည်ဆမ်းတဲ့ ချစ်ပန်းဝတ်ရည် (အပိုင်း-၅)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ **အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိမှတ်တမ်း (အပိုင်း-၁၀)** (မဟာဂန္ဓာရုံမှာ ပညာရှာမီးလိုလျှင်)
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားက မြစ်တစ်စင်း (အပိုင်း-၁၅)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း မျှမျှတတ ဘက်စုံဖွံ့ဖြိုးရေး ဆောင်ရွက်ပေးလျက်ရှိ ဒေသခံပြည်သူများကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လို ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သင်ကြားမှု သင်ယူမှု စာသင်ခန်းများဖွင့်ပွဲတွင် အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၀ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ အဆိုပါကျောင်း၏ သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

အစီအစဉ်အရ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးဆင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွှန့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့သည် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှု အားပေးပြီး တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် အခမ်းအနားကို နဝရတ်ဆောင် ဂီတအနုပညာခန်းၗ ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တက်ရောက်လာကြသူများအား ကျောင်းသား၊ ကျောင်းသူလေးများက အဆို၊ အက၊ အတီးများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးဆင့်က ကျောင်း၏ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုစာသင်ခန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွှန့်က သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သင်ကြားမှု သင်ယူမှု အထောက်အကူပြု တိပ်ခွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးဆင့်အား ပေးအပ်လှူဒါန်းသည်။ ယင်းနောက် အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ကျေးဇူးတင်စကား ပြောကြားပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားသည်။

လမ်းညွှန်ချမှတ်ထား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပညာရည်တိုးတက်မြင့်မားရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ ပညာရေးမျှော်မှန်းချက်များ အောင်မြင်ရေးအတွက် ပြည်နယ်နှင့်တိုင်းအသီးသီး၌ တက္ကသိုလ်၊ ကောလိပ်နှင့် စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာအဆင့်မီ ခေတ်မီစက်ပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများနှင့် သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ၌ တွင်ကျယ်ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိကြောင်း၊ ယခုခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ခေတ်မီပညာရေးနည်းစနစ်များ တတ်ကျွမ်းသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်နှင့်အညီ မိမိနိုင်ငံအနေဖြင့် ၎င်းနည်းပညာများ တတ်ကျွမ်းစေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ဟူသည့် ဆောင်ပုဒ်နှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုကဲ့သို့ သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ပေါ်ပေါက်ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိသူများ၊ ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားဟောင်းများအား နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများတွင် အသုံးပြုလျက်ရှိသော ကွန်ပျူတာစက်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရေးနှင့် ပညာ့အလင်း ခေတ်မီစာကြည့်တိုက် (Electronic Library) များတွင် လိုအပ်သည်များကို ဆက်လက်ပံ့ပိုး ဆောင်ရွက်သွားကြစေလိုကြောင်းစသည်ဖြင့် အကျယ်တဝင့် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားဟောင်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူလေးများသည် ဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူလေးများ၊ ဘင်ခရာ၊ ပန်းဖွာအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် သံဖြူဇရပ်မြို့နယ် ဝဲဂလိကျေးရွာ နယ်မြေခံတပ်၌ သံဖြူဇရပ်တပ်နယ်မှ အရာရှိစစ်သည်မိသားစုဝင်များအားတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လက်တွဲကာ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

ဩဂုတ် ၁၄ ရက်က ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်း ကျောင်း တွင် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှု အရ ကျောင်းသူကလေးများအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့နှင့် ဆရာဝန်များက ကျန်းမာရေး စစ်ဆေးပေးစဉ်။ (သတင်းစဉ်)

ဝိပဿနာ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၄

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော (၅၂)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဗဟန်းမြို့နယ် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဓမ္မာရုံနှင့် စက်မှုဓမ္မာရုံတို့၌ ဩဂုတ် ၂၆ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်ယောဂီများသည် ဖုန်း- ၂၅၄၉၁၆သို့ ဆက်သွယ်စာရင်းပေးနိုင်ပြီး ယင်းနေ့ ညနေ ၄နာရီထက် နောက်မကျစေဘဲ မှတ်ပုံတင်များ ယူဆောင်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဓမ္မာရုံသို့ လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ပရီမီယာလိဂ် လက်စွဲစာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၁၄

အင်္ဂလိပ်ပရီမီယာလိဂ် လက်စွဲစာအုပ်ကို မိုးမခစာပေတိုက် အမှတ်(၁၂၀) ဦးညိုလမ်းသွယ်(၆) ဝေဠုဝန်မြောက်ပိုင်းရပ်ကွက် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- မှတစ်ဆင့် ၅၀၄၈၁၄က တန်ဖိုးကျပ် ၅၀၀ဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဝဲပုံ)** (က-ပ)

မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲ ဆင်္ဃမနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသ

ရန်ကုန် ဩဂုတ် ၁၄

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲကို ယနေ့နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ပထမထပ် ဘက်စုံခန်းမ၌ ဆင်္ဃမနေ့အဖြစ် ဆက်လက်ခင်းကျင်း ပြသလျက်ရှိသည်။

ခင်းကျင်းပြသ

ပြပွဲတွင် မြန်မာ့ရိုးရာတူရိယာပစ္စည်းများကို ကဏ္ဍအလိုက်ပြကွက်များဖြင့် ပြည့်စုံစွာခင်းကျင်းပြသထားရာ မြန်မာ့တူရိယာငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော သားရေတူရိယာများ ပြကွက်၌ ရှေးဘိုနယ်တစ်ဝိုက် ကျေးလက်ဒေသများ၌ တီးခတ်လေ့ရှိသည့် ဗုံရှည်ကြီး၊ မောရှမ်းအိုးစည်တို့၊ ကချင်ဂျိမ်းဖော့ အိုးစည်၊ ရှမ်းတိုင်းခမ်းတီဗုံရှည်၊ ခမီးကတိန်ခေါ် ရခိုင်ဗုံတို၊ ဆလုံဗုံအဖိုအမ၊ ပလုတ်၊ ရခိုင်မင်္ဂလာစည်တော်၊ လာချိတ်မနောစည်၊ ချင်းဗုံ၊ စည်တော်ကြီး၊ ဗုံထောင်၊ ကရင်အိုးစည်၊ ရခိုင်နတ်ပန်တျာစသည့် တိုင်းရင်းသားများ၏ သားရေတူရိယာများကို ခင်းကျင်းပြသထားသည်။

ထို့အတူ သားရေတူရိယာနှင့်ပတ်သက်၍ မြန်မာ့သားရေတူရိယာသည် သမိုင်းမတင်မီခေတ်ကပင် သုံးစွဲခဲ့သည်ဟု ယူဆရကြောင်း၊ ပတ်လုံး၊ ပတ်မ၊ စခွန့်၊ စည်တို၊ အိုးစည်၊ ဒိုးပတ်၊ ခြောက်လုံးပတ်၊ စည်တော်၊ မခေါက်ဖြော၊ ဗုံရှည်၊ ဗုံထောင် စသည့် တူရိယာများသည် သားရေတူရိယာအမျိုးအစားတွင် ပါဝင်ကြောင်း ရေးသားဖော်ပြထားသည်ကို လေ့လာမှတ်သားနိုင်သည်။

တီးမှုတ်ဖျော်ဖြေ

ပြပွဲနှင့်အတူ ပြပွဲလာပြည်သူများအား ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ဂီတဌာနမှ ဆရာ၊ ဆရာမများက နံနက်ပိုင်းတွင်လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန (ထုတ်လုပ်ဌာနခွဲ)မှ အနုပညာရှင်များက မွန်းလွဲပိုင်းတွင်လည်းကောင်း မြန်မာ့ရိုးရာ တူရိယာပစ္စည်းများကို လက်တွေ့တီးမှုတ် သရုပ်ပြ ဖျော်ဖြေကြသည်။

ဩဂုတ် ၁၅ရက် နံနက်ပိုင်းတွင် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ဂီတဌာနမှ ဆရာ၊ ဆရာမများက မြန်မာ့ရိုးရာ တူရိယာပစ္စည်းများကို လက်တွေ့သရုပ်ပြ တီးမှုတ်ဖျော်ဖြေမည်ဖြစ်ပြီး မွန်းလွဲပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန (ထုတ်လုပ်ဌာနခွဲ)မှ အနုပညာရှင်များက ဦးလှဋ္ဌေးဆိုင်းအဖွဲ့နှင့် တွဲဖက်၍ အိုးစည် ဒိုးပတ်ဝိုင်းနှင့် ဦးရွှေရိုး-ဒေါ်မိုး အကတို့ဖြင့် တီးမှုတ်ကပြဖျော်ဖြေမည်ဖြစ်သည်။

ပြပွဲ၌ ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ဝေသည့် ယဉ်ကျေးမှုဆိုင်ရာ စာအုပ်စာတမ်းများကိုလည်း ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိပြီး ပြပွဲသို့ ရဟန်းရှင်လူပြည်သူ၅၀၀ခန့် လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲကို ဩဂုတ် ၂၂ရက်အထိ နေ့စဉ်ဖွင့်လှစ်ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

မန္တလေး ICT Park International ICT Exhibition 2003

- **Hardware** ပြခန်းများ
- **Software** ပြခန်းများ
- ပညာရေးပြခန်းများ
- ပညာရေးဆိုင်ရာ ဟောပြောပွဲများ

ကျင်းပမည့်နေ့ – ၁၆-၈-၂၀၀၃ မှ ၂၀-၈-၂၀၀၃ ထိ။
ကျင်းပမည့်အချိန် – နံနက်(၉း၀၀)နာရီမှ ညနေ(၅း၀၀)နာရီထိ။
ကျင်းပမည့်နေရာ – ရတနာပုံဈေး စတုတ္ထထပ်၊ မန္တလေး။

ပြည်ထောင်စုတစ်ဝန်း
တည်ဆောက်မြှင့်တင်
ဖွံ့ဖြိုးတိုးတက်စည်ပင်

ကျိုင်းတုံမြို့တော်ခန်းမ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၏ မြို့တော် ကျိုင်းတုံမြို့၏ ကျက်သရေဆောင် မြို့တော်ခန်းမ အဆောက်အအုံကို ခံ့ညားထည်ဝါစွာ ဤသို့တွေ့ရသည်။ (အပေါ်ပုံ)

(ဓာတ်ပုံမှတ်တမ်း- သတင်းစဉ်)

ချောင်းမကြီး (မြို့လှ) ရေလှောင်တမံ စီမံကိန်းအရ ဆည်ရေ ဖြန့်ဖြူးရာတွင် လယ် ယာ စိုက် ပျိုး ရေးနှင့် ဆယ်မြောင်း ဝန်ကြီးဌာန မြန်မာ့ကြံလုပ်ငန်း အမှတ် (၅) သကြားစက် (မြို့လှ) (အောက်ပုံ)အတွက် ရေဧက ၂၀၀၀ ကို ပေးရန် စီစဉ်ထားကြောင်း သိရသည်။

(ဓာတ်ပုံမှတ်တမ်း- အောင်မိုး(ကြေးမုံ)]

ချောင်းမကြီး(မြို့လှ)တမံ ရေထိန်းမျှော်စင်

မကြာမီ ဖွင့်လှစ်တော့မည့် ရေတာရှည်မြို့နယ် ချောင်းမကြီး (မြို့လှ) ရေလှောင်တမံ ဆည်ရေသောက် ဧက ၃၀၀၀ သို့ ရေပေးမည့် ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်ကို ဤသို့တွေ့ရသည်။ (အပေါ်ပုံ) [ဓာတ်ပုံမှတ်တမ်း-အောင်မိုး(ကြေးမုံ)]

ဓာတ်ပုံ မှတ်တမ်း

အောင်မိုး(ကြေးမုံ)
သတင်းစဉ်
စိုက်ပျိုးရေး



ဆိတ်ညံ့ လျှပ်စစ်မြစ်ရေတင်စီမံကိန်း

မြင်းခြံခရိုင် မြင်းခြံမြို့၏ အနောက်တောင်ဘက် ဆိတ်ညံ့ကျေးရွာ၏ အနောက်ဘက်တွင် တည်ရှိသော ဆိတ်ညံ့ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ခန့်မှန်းကုန်ကျငွေ ကျပ် ၂၀၆၆ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။ (ယာပုံ)

ဧရာဝတီမြစ်မှ ရေကိုတင်ရန် ဆိတ်ညံ့၊ ကျွန်းဦး၊ ကလိန်ချုံ၊ ညောင်ပင်၊ ညောင်ကန်၊ ကွဲ့ခြံကျေးရွာနှင့် ဒေါင်းသစ်ကျေးရွာဒေသများရှိ စိုက်ပျိုးရေ ဧကတစ်သောင်းကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

(ဓာတ်ပုံမှတ်တမ်း-စိုက်ပျိုးရေး)

မှုခင်းများကျဆင်းရေး၊ တရားရုံးစစ်ဆေးဆဲအမှုများ ကြန့်ကြာမှုမရှိရေး ဆက်စပ်နေသော ဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၄

မှုခင်းကျဆင်းရေးနှင့် ပညာပေးသတင်းထုတ်ပြန်ရေးကော်မတီနှင့် တရားရုံးများတွင် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေသည့်အမှုများ လေ့လာစိစစ်အကြံပြုရေးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး(ရန်ကုန်)၊ တရားရုံးချုပ် တရားသူကြီး ဦးသက်ထွန်း(မန္တလေး)၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်၊ မှုခင်းကျဆင်းရေးနှင့် ပညာပေး သတင်းထုတ်ပြန်ရေး ကော်မတီဝင်များ၊ ကြန့်ကြာနေသည့် ပြစ်မှုဆိုင်ရာ အမှုများ လေ့လာစိစစ်အကြံပြုရေး ကော်မတီဝင်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာ၌ မှုခင်းများလျော့နည်း ကျဆင်းရေး နှင့် တရားရုံး စစ်ဆေးဆဲအမှုများ ကြန့်ကြာမှုမရှိရေးအတွက် ဆက်စပ်နေသော ဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ မှုခင်းများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပွားပါက ပေါ်ပေါက်အောင် ဖော်ထုတ်ရေး၊ အထိတ်တလန့်မှုခင်း၊ လူမှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှုနှင့် ခိုးဆိုးနိုက် မှုခင်းများတွင် ပြစ်မှုကျူးလွန်သူများအား ထိရောက်ဟန့်တားသည့်ပြစ်ဒဏ်ရရှိရေး၊ ပြစ်မှု ပြစ်ဒဏ်မျှတရေး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြသည်။

(သတင်းစဉ်)

ကျောင်းကျန်းမာရေးဟောပြော

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ)ကျောင်း ကျန်းမာရေးပညာပေးဟောပြောပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဒေါ်ရီရီမြင့်နှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ကထိကဒေါက်တာဌေးမြင့်ဦးက သွားနှင့် ခံတွင်း ကျန်းမာရေး၊ ကျန်းမာရေးဦးစီးဌာန၊ လုပ်ငန်းခွင်ကျန်းမာရေးဌာန)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထွတ်(လင်း–ဆေး–၁)၊ လ/ထညွှန်ကြားရေးမှူး ဒေါက်တာ မင်းသန်းညွှန့်တို့က ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လေထု ညစ်ညမ်းမှုတိုင်းတာရေးကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဒေါက်တာ သိန်းဝင်းက အာရောဂျံပရမံလာဘံအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

(က–ပ)



အမြတ်ဆုံးကိုရှာဖွေခြင်း စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၄

ဆဋ္ဌတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော်ကြီး ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ ကောဇာသက္ကရာဇ် ၁၃၆၂ ခုနှစ်အတွင်း မန္တလေးတိုင်း မလှိုင်မြို့တွင်ဟောကြားတော်မူခဲ့သော "အမြတ်ဆုံးကို ရှာဖွေခြင်း" တရားတော်ကို မဟာဂန္ဓဝင်စာပေက ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

(အပေါ်ပုံ) (က–ပ)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာ ဂေါက်သီးရိုက်အသင်းမှ အသင်းသားဖြစ်သူ ဦးသူရိန်(MD-T.L.Y Trading Co., Ltd)သည် ကစားဖော်များဖြစ်ကြသော ဦးကျော်ဟိန်း(Daimaru Kogyo Co.)၊ ဦးဌေးနိုင်(Solid Builder Co., Ltd)တို့နှင့်အတူ ယမန်နေ့က မြန်မာ ဂေါက်သီးရိုက်အသင်းတွင် ဂေါက်သီးရိုက်ကစားကြရာ Preceptဘောလုံးကို Ping Zing II Iron No.5သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၅ ကိုက်အကွာအဝေးတွင် ရှိသော ကျင်းအမှတ်၁၂သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

စာကြည့်တိုက်ဖွင့်လှစ်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၄

ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အစီအစဉ်အရ ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်မှု ညှိနှိုင်း ဆွေးနွေးပွဲကို ဩဂုတ် ၁ ရက် နံနက် ၁၀နာရီက ခရိုင်ပေါ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးခင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးစန်းဝင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးခင်မြနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

● ခေတ်မီလူစီးတွဲမှ

မြန်မာနိုင်ငံတွင် ရထားစတင်ပြေးဆွဲသည့် ၁၈၇၇ ခုနှစ်မှစ၍ ပြုပြင်တည်ဆောက်မှုလုပ်ငန်းကို စက်ခေါင်းရုံ အင်းစိန်၌သာ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်း ရထားပြေးဆွဲမှုများ တိုးချဲ့လာပြီးတွဲအရေအတွက်များပြားလာသဖြင့် တွဲများပြင်ဆင်မှုလုပ်ငန်းကို သီးခြားလုပ်ကိုင်နိုင်စေရန် မြစ်ငယ်မြို့၌ တွဲပြင်စက်ရုံကို ၁၉၀၅ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး ၁၉၁၂ခုနှစ်တွင်စတင်၍ တွဲပြင်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ တွဲပြင်စက်ရုံ၏သက်တမ်းမှာ ယခုအခါ ၉၁နှစ်ရှိနေပေပြီ။

၎င်းအပြင် တွဲသစ်များတည်ဆောက်နိုင်ရန် သီးခြားတွဲသစ်တည်ဆောက်စက်ရုံတစ်ခုကိုလည်း မြစ်ငယ် မူလတွဲပြင်ရုံ၏ မြောက်ဘက်တွင်၁၉၆၉ခုနှစ်က စတင်တည်ဆောက်၍ ၁၉၇၆ ခုနှစ်တွင် တွဲသစ် တည်ဆောက်ခြင်း လုပ်ငန်းကို သီးသန့်ဆောင်ရွက်လာခဲ့သည်ဆို၏။

မူလတွဲပြင်ရုံကြီးနှင့် အသစ်တွဲတည်ဆောက်ရုံကြီး နှစ်ရုံကို အုပ်ချုပ်မှုတစ်ခုတည်းအောက်၌ထားရှိ လည်ပတ်ခဲ့ပြီး စက်ရုံအမည်ကိုလည်း ပြုပြင်ခြင်း၊ တည်ဆောက်ခြင်း နှစ်မျိုးစလုံးအကျုံးဝင်မည့် "လူစီးတွဲနှင့် ကုန်တွဲစက်ရုံ မြစ်ငယ်"ဟူ၍ သတ်မှတ်ခဲ့သည်။

ရထားလူစီးတွဲနှင့် ကုန်တွဲများ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် တွဲအရန်ပစ္စည်းများ ထုတ်လုပ်ခြင်းကို ဆောင်ရွက်လျက်ရှိနေသည့် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲ စက်ရုံ (မြစ်ငယ်)ကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း–ရေချမ်းမြင့်)

ရည်မှန်းချက်တာဝန်

မူလရည်မှန်းချက်တာဝန်မှာ တွဲပြင်စက်ရုံအတွက် အကြီးစားပြင်ဆင်ရန် အချိန်ရောက်လာသည့် လူစီးတွဲများကို ပြင်ဆင်ပေးရန်၊ လူစီးတွဲ၊ ကုန်တွဲများ ပြင်ဆင်ရန် လိုအပ်မည့် အရန်ပစ္စည်းများ ထုတ်လုပ်ရန်နှင့် တွဲတည်ဆောက်စက်ရုံအတွက် ခေတ်မီနည်းစနစ်ဖြင့် လူစီးတွဲ၊ ကုန်တွဲများ တည်ဆောက်ရန်ဖြစ်သည်။

ထပ်တိုးရည်မှန်းချက်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မြစ်ငယ်စက်ရုံသို့ ၁၉၉၆ခုနှစ် စက်တင်ဘာလတွင် ရောက်ရှိစစ်ဆေးစဉ်က **အဆင့်မီသော လူစီးတွဲ၊ ကုန်တွဲများကို ပြည်တွင်း၌ အစအဆုံး တည်ဆောက်ထုတ်လုပ်နိုင်ရေးအတွက် အဆင့်ဆင့်ဆောင်ရွက်သွားကြရန်** လမ်းညွှန်ချက်အရ အဆင့်မီလူစီးတွဲ၊ ကုန်တွဲများကို ပြည်တွင်း၌ အစအဆုံးတည်ဆောက် ထုတ်လုပ်နိုင်ရန်နှင့် အဆင့်မြင့်တွဲများ တည်ဆောက်နိုင်ရေး ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

တွဲတည်ဆောက်ရုံ၌ မြန်မာ့မီးရထားတွင် တွဲတည်ဆောက်ခြင်းလုပ်ငန်းကို ၁၉၄၇ ခုနှစ်တွင်စတင်၍ တွဲတည်ဆောက်သည့်စနစ်ကို အဆင့်ဆင့်ပြောင်းလဲတိုးတက်ဆောင်ရွက်ခဲ့ရာ ၁၉၄၇ခုနှစ်တွင် မှာယူတင်သွင်းသော အောက်ခံသံပေါင်တိုင်ထောင်စနစ်၊ သစ်သားကိုယ်ထည်ဆောက်ခဲ့သော်လည်း ၁၉၈၂ ခုနှစ်မှစ၍ ကိုယ်တိုင်ထုတ်လုပ် အောက်ခံသံပေါင် ဂျစ်ခုံစနစ်၊ သံကိုယ်ထည်ဂဟေဆက်နည်းတို့ဆောင်ရွက်ခဲ့ပြီး၊ ၁၉၈၇ ခုနှစ်တွင် ကိုယ်တိုင်ထုတ်လုပ် အောက်ခံသံပေါင်၊ ကိုယ်တိုင်ထုတ်လုပ် ဘိုဂီဖရိမ် ဂျစ်ခုံစနစ်၊ သံကိုယ်ထည်ဂဟေဆက်နည်းတို့ဖြင့် အဆင့်ဆင့် တိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်းသိရသည်။



မြစ်ငယ် တွဲတည်ဆောက်စက်ရုံတွင် ရထားတွဲဖရိမ်များကို စက်ရုံတွင်း၌ ကျွမ်းကျင်ဝန်ထမ်းများက ဂဟေဆက်ခြင်းလုပ်ငန်းဆောင်ရွက်နေကြသည်ကို ဤသို့တွေ့ခဲ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–ရေချမ်းမြင့်)

တွဲအရန်ပစ္စည်းများထုတ်လုပ်ရန် ကြိုးပမ်းချက်မှာ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၏ တပ်ဆင်ထားသော ယန္တရားများ၏ ဆောင်ရွက်နိုင်သည့်စွမ်းရည်၊ ဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ နည်းပညာဆိုင်ရာ အသိဉာဏ်တို့ဖြင့် ထုတ်လုပ်ရန်မဖြစ်နိုင်သေးသည့် အရန်ပစ္စည်းများလည်းများစွာရှိသေးသည်ဖြစ်ရာ နိုင်ငံတော်ရှိ အခြားဝန်ကြီးဌာန လက်အောက်ခံစက်ရုံများ၊ စက်မှုဇုန်များရှိ ပုဂ္ဂလိကအလုပ်ရုံများမှ စက်ယန္တရားများနှင့် ကျွမ်းကျင်သူများ၏အကူအညီကို ရယူပူးပေါင်း၍ တွဲအရန်ပစ္စည်းအမည်(အမယ်)သစ်များကို ထုတ်လုပ်လာနိုင်ခဲ့သည်။

ဝန်ကြီးဌာနချင်း ပူးပေါင်းဆောင်ရွက်မှုအနေနှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာန၏ မလွန်၊ဆင်တဲ၊ထုံးဘို စက်ရုံကြီးများရှိ စက်ယန္တရားများ၏ လုပ်ဆောင်နိုင်မှု အခွင့်အလမ်းများကို ရယူ၍ အရန်ပစ္စည်းများ ထုတ်လုပ်နိုင်သကဲ့သို့ မိမိစက်ရုံမှ ယန္တရားများဖြင့်လည်း အဆိုပါစက်ရုံကြီးများကလိုအပ်သော လုပ်ငန်းများ အပြန်အလှန်သဘောဖြင့် ဆောင်ရွက်ပေးခဲ့ရသည်ဆို၏။

အကျိုးရှိစေခဲ့

အမှတ်(၃) သတ္တုလုပ်ငန်းအောက်ရှိ ပြင်ဦးလွင်သံမဏိစက်ရုံမှ မြန်မာ့မီးရထားအတွက် JIS- SUP 9A Spring Steelများကို သွန်းလောင်း ပေးခဲ့သဖြင့် စက်ခေါင်း၊ တွဲသုံး Coil Springများ ထုတ်လုပ်နိုင်ခဲ့သည် ဆို၏။ ထို့အတူပင် Special Alloy Steel တစ်မျိုးဖြစ်သော B.S.EN24 သံမဏိကိုလည်း သွန်းလောင်းပေးခဲ့သဖြင့် ဆွဲဆန့်ခံအား လိုအပ်သော စက်ခေါင်း၊ တွဲအရန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အကျိုးရှိစေခဲ့သည်ဟု သိရသည်။

လူစီးတွဲနှင့်ကုန်တွဲစက်ရုံ မြစ်ငယ်သည် ၁၉၄၇ ခုနှစ်မှစ၍ နည်းစနစ်အမျိုးမျိုး အသုံးပြုသော ပစ္စည်းအမျိုးမျိုး၊ တွဲပုံစံအမျိုးမျိုးဖြင့် တွဲတည်ဆောက်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်ဟု သိရသည်။ ၁၉၈၆ ခုနှစ်မှစ၍ ယနေ့ထိ စီမံကိန်းချမှတ်တည်ဆောက်ခဲ့သော တွဲပေါင်း ၅၃၀နှင့် စီမံကိန်းမဟုတ်သော်လည်း လိုအပ်ချက်အရ တည်ဆောက်ပေးခဲ့သော တွဲပေါင်း ၁၄၁တွဲ ရှိခဲ့သည်ဆို၏။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)သည် မူလရည်မှန်းချက်များ၊ ထပ်တိုးရည်မှန်းချက်များအပေါ်အခြေခံ၍ နောင်လာမည့် ကာလများအတွက်လည်း နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းမှုများနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပါကြောင်းကို လေ့လာရေးသားဖော်ပြလိုက်ရပါသည်။ ။ **(ကြေးမုံ)**

နယ်စပ်/ စည်ပင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် မကွေးတိုင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ကျေးလက်တန်ဖိုးနည်းအိမ်ရာများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့် လိုက်ပါလျက် ဩဂုတ် ၆ရက်က မကွေးတိုင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)အတွင်းရှိ မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ ကြီးကြပ်ဆောက်လုပ်ပေးလျက်ရှိသည့် ကျေးလက်ဒေသ တန်ဖိုးနည်းအိမ်ရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ရေ့ဦးစွာ အောင်လံမြို့နယ် မိုးကောင်းကျေးရွာမှ ဦးကြင်ငွေ၏ ဆောက်လုပ်ပြီးစီးသော အိမ်သို့ အသေးစိတ်ကြည့်ရှုပြီး လက်ရာ ပိုမိုကောင်းမွန်အောင် ဆောက်လုပ်ရေး၊ နှစ်ရှည်ခံစေရန် ရေနံချေးသုတ်ထားရေးများ ညွှန်ကြားခဲ့သည်။ ယင်းနောက် ကျေးရွာအတွင်းရှိ ဆောက်လုပ်ပြီးစီးနေသော တန်ဖိုးနည်းကျေးလက်အိမ်ရာ ၁၀လုံးအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ တီတွတ်ကျေးရွာသို့ ထွက်ခွာလာရာပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုသည်။ ဝန်ကြီးသည် ဆောက်လုပ်ပြီးစီး နေထိုင်လျက်ရှိသော ဦးမြင့်ဦး၏ နေအိမ်သို့ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် အိမ်ရှေ့ကွက်လပ်တွင် ကျေးရွာလူထုနှင့်တွေ့ဆုံကာ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးနေသော တန်ဖိုးနည်းကျေးလက်အိမ်ရာ စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားသည်။**(အပေါ်ယာပုံ)**

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ရိုးမအနောက် (ခရိုင်ချင်းဆက်) လမ်းဖောက်လုပ်ရေး လုပ်ငန်းနှင့် ပတ်သက်၍ တိုင်းညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့က ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သော လူအင်အား၊ စက်ယန္တရား၊ စက်သုံးဆီများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ရိုးမအနောက်လမ်းသည် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)အတွင်း ၁၂၈မိုင် ၄ဖာလုံရှိရာ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း မြေသားလမ်း ၄၄မိုင် ဖောက်လုပ်ပြီး ကတ္တရာလမ်းအထိ အဆင့်မြှင့်ခင်းကျင်း သွားမည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နတ်တလင်းမြို့နယ် တံခွန်တိုင်ကျေးရွာသို့ သွားရောက်ပြီး ၎င်းကျေးရွာတွင် ဆောက်လုပ်ထားသည့် တန်ဖိုးနည်း ကျေးလက်အိမ်ရာအား စစ်ဆေးကြည့်ရှုရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် အိမ်ရှင်ဦးကျော်သန်းတို့က ရှင်းလင်းတင်ပြခဲ့ပြီး ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ် သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ဖျာပုံမြို့နယ် ကျိုက္ကဘာကျေးရွာ ရပ်ရွာပညာပဒေသာဌာနဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၉ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် တွဲဖက်အထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၃ စည်ကားစွာကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Quartz International Co., Ltd သည် စက်တင်ဘာ ၅ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနတွင် မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၃ ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်

အဆိုပါ ပြပွဲတွင် အလှကုန်နှင့် လူသုံးကုန် ပစ္စည်းအမျိုးမျိုး၊ အိမ်တွင်းအလှဆင်ပစ္စည်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း အမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်း အမျိုးမျိုး၊ လျှပ်စစ်နှင့်အီလက်ထရောနစ်ပစ္စည်း အမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုးတို့ကို ခင်းကျင်းပြသမည်ဖြစ်ပြီး ဂျွန်လွင်ဦးစီးသော Star

Entertainment Co. Ltd. ၏ကုန်ပစ္စည်းကြော်ငြာ သရုပ်ပြပွဲနှင့် Dancing MTF 2003 ကြော်ငြာ သရုပ်ပြပွဲ တွဲဖက်ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ ဖုန်း-၅၇၃၁၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ရေခဲသေတ္တာ၊ အဲယားကွန်း သီးသန့်အမြန်သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၄

ရေခဲသေတ္တာ၊ အဲယားကွန်း အခြေခံအသုံးချနည်းစနစ်များ၊ ပြုပြင်ထိန်းသိမ်းတပ်ဆင်ခြင်းနှင့် အခြေခံလျှပ်စစ်ပညာများကို Grace Training and Service Centre မှ စာတွေ့၊ လက်တွေ့ (လက်တွေ့ဦးစားပေးစနစ်၊ တစ်လအပြတ်) ပစ္စည်းကိရိယာစုံလင်စွာဖြင့်၊ လုပ်သက်ရင့်နည်းပြဆရာများကိုယ်တိုင်၊ လစဉ်တန်းခွဲသစ်နှစ်ခု ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ စိတ်ဝင်စားသူ မည်သူမဆို ရုံးခန်း/သင်တန်းခန်းမ အမှတ် (၆၉)၊ ပထမထပ်၊ ဗိုလ်စိန်မှန်လမ်း ဗဟန်းမြို့နယ် (တာမွေအဝိုင်းမှတ်တိုင်အနီး) ဖုန်း-၇၀၇၉၅၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

လားရှိုးမဂ္ဂဇင်းထွက်ရှိ

ရန်ကုန် ဩဂုတ် ၁၄

လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွက် လားရှိုးမဂ္ဂဇင်း (၂၀၀၃)ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ကြီးကြပ်စီစဉ် တည်းဖြတ်ထုတ်ဝေလိုက်သည်။ လားရှိုးမြို့နယ်အတွင်းရှိ စာပေဝါသနာရှင်များ၏ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများနှင့်အတူ နိုင်ငံကျော် စာရေးဆရာကြီးများ၏ စာပေလက်ရာ မွန်များ၊ ရှမ်း(မြောက်)ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများဖော်ပြပါရှိပြီး ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများနှင့် ဝင်းနိုင် စာပေရိပ်မြုံ ဈေးအတွင်း လားရှိုးမြို့တို့တွင် ဝယ်ယူရရှိနိုင်သည်။ **(ဝဲပုံ)** (က-ပ)

အဆင့်မြင့်မူကြိုသင်တန်းသစ်များ ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၄

New Campus Language Centre တွင် အသက်နှစ်နှစ်ခွဲမှ ငါးနှစ်အတွင်း မူကြိုကလေးများအတွက် စိတ်ချလုံခြုံမှုအပြည့်အဝဖြင့် သင်္ချာ၊အင်္ဂလိပ်စာ၊ မြန်မာစာ၊ပုံဆွဲ၊သီချင်းအကများကို ဝါရင့်ဆရာမများက သင်ကြားလျက်ရှိပြီး အလုံ၊စမ်းချောင်း၊ ကြည့်မြင်တိုင်ဘက်သို့မူကြိုကျောင်းကားသစ်များတိုးချဲ့ထားရာ ဖုန်း-၅၆၆၁၃၁၊ ၇၀၄၅၆၅ နှင့် အမှတ်(၂၈)၊အောင်ဇေယျလမ်း၊ ကျောက်ကုန်းသို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်းသိရသည်။ (က-ပ)

သပြေတေးမဂ္ဂဇင်း ဩဂုတ်လ ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၁၄

၂၀၀၃ခုနှစ် ဩဂုတ်လထုတ် သပြေတေးမဂ္ဂဇင်း အမှတ်(၃၃၈) **(ယာပုံ)**ကို အမှတ်-၂၇၅(ပ-ထပ်) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၈၅၉၆၉က ထုတ်ဝေလိုက်ကြောင်း သိရသည်။

(က-ပ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(ဒ/၂၈၅၁) မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးမင်းဟိန်း မှတ်ပုံတင် အမှတ်၁၂/စခန(နိုင်)၀၀၇၃၆၃မှ မော်တော်ယာဉ်မှတ်ပုံ တင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ရက်ပေါင်း၃၀အတွင်း ကညန၊ အနောက်ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။**ကညန(ရန်ကုန်တိုင်း)**

ကြေးမုံ The Mirror

မြို့နယ်သတင်းများ

မြဝတီမြို့ အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း အခြေခံသင်တန်းနှင့် အဆင့်မြင့်သင်တန်းဆင်းပွဲကျင်းပ

မြဝတီ ဩဂုတ် ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း အခြေခံသင်တန်းအမှတ်စဉ်(၁၈)နှင့် အဆင့်မြင့် သင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ သဘာပတိ မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် သဘာပတိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မြင့်ဦးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၊ ကျောင်းအုပ်ဆရာမကြီးဒေါ်ညိုညိုမြင့်က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်း၌ ထူးချွန်ဆုရရှိသူများအား မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ) (၃၉၅)**

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြိတ်တက္ကသိုလ် လမ်းတစ်လျှောက် မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် လမ်းပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ ဇူလိုင် ၃၁ ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ကျုံမငေးမြို့ ရန်ကုန်ကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက် ကျုံမငေးမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ ပညာရေးငွေပဒေသာပင်၊ ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ဇူလိုင် ၁၇ ရက်က ကျောင်းအုပ်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

မန္တလေးခရိုင် စိမ်းလန်းစိုပြည်ရေး မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

မန္တလေး ဩဂုတ် ၅

မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ခရိုင်အတွင်း မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၄ ရက်က မန္တလေးအောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန္တလေးတောင်ခြေ ကားကြီးဝင်းအတွင်း ပြုလုပ်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်ထွန်း တက်ရောက် စိုက်ပျိုးပေးသည်။

စိုက်ပျိုး

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးမိုးနောင်၊ မန္တလေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဦး၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဗလ၊ မန္တလေးခြောက်မြို့နယ် ဥက္ကဋ္ဌများ၊ လူမှုရေးအဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးသိပ္ပံကျောင်းအုပ်ကြီး ဦးအောင်ထပ်နှင့် ကျောင်းသူ၊ ကျောင်းသားများက သစ်ဆိမ့်ပင် ၅၀၀၊ မန်ကျည်းပင် ၂၀၀၊ တမာပင် ၂၀၀နှင့် အခြားအပင် ၁၅၀ စုစုပေါင်းအပင် ၁၀၅၀ကို စိုက်ပျိုးကြသည်။ **(၃၈၇)**

ပဉ္စမအကြိမ် ပညာရည်ထူးချွန်ဆုချီးမြှင့်

ဒေးဒရဲ ဩဂုတ် ၉

ဒေးဒရဲမြို့ အထက(၁) ကျောင်းသားဟောင်းများ၏ ပဉ္စမအကြိမ် ပညာရည်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက်က ဒေးဒရဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗိုလ်မှူးကြီးတင်လှမိသားစုက ဆရာ၊ ဆရာမ ၁၁၁ ဦးအတွက် ကျောင်းဝတ်စုံဖိုးငွေကျပ် ၃၃၃၀၀၀၊ အငြိမ်းစားကျောင်းဆရာကြီး ခုနစ်ဦးအတွက် ပူဇော်ကန်တော့ငွေကျပ် ၁၄၀၀၀၀၊ ၂၀၀၂-၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ၁၅ ဦးအား ဂုဏ်ထူး ၁၆ ခုအတွက် ငွေကျပ် ၈၀၀၀၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဂုဏ်ထူးရရှိသူ ၁၅ ဦးအတွက် ငွေကျပ် ၁၆၀၀၀၊ အထက(၁)ကျောင်းသားဟောင်းများက ဂုဏ်ပြုငွေ ကျပ် ၅၄၅၀၀၊ သက်ကြီးဆရာနှစ်ဦးအား ပူဇော်ကန်တော့ငွေကျပ် ၁၀၀၀၀နှင့် မြန်မာစာဂုဏ်ထူးရရှိသူနှစ်ဦးအား ကျပ် ၁၀၀၀၀တို့ကို ဂုဏ်ပြုချီးမြှင့်သည်။

(အောက်ပုံ) (က-ပ)

စစ်ကိုင်းသမဝါယမကောလိပ် ကွန်ပျူတာသင်တန်းဆင်း

စစ်ကိုင်း ဩဂုတ် ၅

စစ်ကိုင်းသမဝါယမကောလိပ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၏ အိုင်ဘီအမ်ကွန်ပျူတာ သင်တန်း အမှတ်စဉ်(၅/၂၀၀၃)ဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက်နံနက်တွင် စစ်ကိုင်းသမဝါယမကောလိပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ကျောင်းအုပ်ကြီး ဦးရဲမြင့်အောင်နှင့်ကထိကများ၊ကွန်ပျူတာဌာနမှူးဦးမြင့်ကြိုင်၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသူ၊ သင်တန်းသား ၃၀ဦး တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ကျောင်းအုပ်ကြီးက အမှာစကားပြောကြားပြီး သင်တန်းသူ၊ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

(၅၃၁)

မော်လမြိုင်ကျွန်းမြို့နယ် ရဲတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲမှ တပ်ဖွဲ့ဝင် သားသမီးများအား ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ဩဂုတ် ၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ အသင်းခွဲဥက္ကဋ္ဌ ဒေါ်စီစီက ရဲစခန်းမှူးများ၏ ဇနီးများအား ပေးအပ်စဉ်။

(၃၆၄)

တီးတိန်မြို့နယ် စိမ်းလန်းစိုပြည်ရေး

မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုး

တီးတိန် ဩဂုတ် ၂

တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂၉ ရက် နံနက်က တီးတိန်မြို့ ထင်းရှူးမြိုင်ရိပ်သာဝင်းနှင့် မိုက္ကရိုဝေ့ဖ်စခန်းဝင်းတို့၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းသန်းနှင့် ဝန်ထမ်းများက သစ်အယ်ပင်၊ ရှမ်းသပြေပင်၊ အော်ရေးရှားပင်နှင့် စွယ်တော်ပင် စုစုပေါင်းအပင် ၇၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

တီးတိန်မြို့နယ်အနေဖြင့် မြို့နယ်စိမ်းလန်းစိုပြည်ရေးအတွက် ယခုနှစ် မိုးရာသီတွင် အရိပ်ရပင်၊ ပန်းအလှပင် ၅၀၀၀၀ နှင့် သစ်ဆိမ့်ပင် ၂၅၀၀၀ ကို ဖြန့်ဝေစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

တစ်ရက်မှာ(၂၄)နာရီ တစ်ပတ်မှာ(၇)ရက်
အချိန်မရွေးကြည့်ရှုနိုင်တဲ့ Internet ပေါ်က စာအုပ်ဆိုင်
@ www.foreverspace.com.mm
Ph: 951-297188, 297189, 291942 Ext: 404

ဝန်ထမ်းအမြန်အလိုရှိသည်

၁။ Senior Accountant ကျား/မ(၂)ဦး
B.Com, CPA
Construction Project Account ကိုင်တွယ်ဖူးသူ ဦးစားပေးမည်။ Site တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။ အသက်(၃၀-၄၀)နှစ်အတွင်း ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။

၂။ Junior Accountant ကျား/မ(၅)ဦး
B.Com (or) L.C.C.I Level III
Accounting Software အသုံးပြုနိုင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိရမည်။

၃။ Assistant Auditor ကျား/မ(၂)ဦး
B.Com (or) D.A (or) L.C.C.I Level III
Audit Firm ၌ ...

၄။ Cashier ကျား/မ(၁)ဦး
L.C.C.I Level II

၅။ Receptionist မ(၁)ဦး

၆။ Marketing Assistant ကျား(၃)ဦး

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ အမှတ်(၈၄)၊ ပထမထပ်(ယာ)ခန်းနှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာချက်

တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဣန္ဒာသရလမ်း၊ အမှတ်-၇၅(မြေညီထပ်) နေ ဒေါ်ခင်မာသန်းဆွေ[၁၂/တမန(နိုင်)၀၅၅၄၈၁]၏ ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်ခင်မာသန်းဆွေက မအေတူဖအေကွဲမောင်များဖြစ်ကြသော ဦးစိုးသိန်းဆွေ[၁၂/သဃက(နိုင်)၀၁၂၂၄၃]နှင့်ဦးစိုးသန်းတို့အပေါ် ၃-၅-၈၇နေ့စွဲပါ ဦးသန်းရွှေနှင့် ဒေါ်ခင်မာသန်းဆွေတို့နှစ်ဦးအမည်ဖြင့် ဝယ်ယူခဲ့သော "အိမ်ခန်းအရောင်းအဝယ်စာချုပ်"နှင့် ၁၅-၉-၉၂နေ့စွဲပါ ဦးသန်းရွှေက ဒေါ်ခင်မာသန်းဆွေအား စွန့်လွှတ်ပေးသည့် "အိမ်ခန်းစွန့်လွှတ်စာချုပ်" နှစ်ခုတို့ကို အခြေခံပြီး အခမဲ့ခွင့်ပြုချက်ဖြင့်ထားသူ အပေါ်တိုက်ခန်းမှ နှင်လိုမှုကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး(၁) ရုံးတွင် တရားမကြီးမှုအမှတ်(၁၀၅/၉၉)ဖြင့် စွဲဆိုခဲ့ရာ ၃၁-၁၀-၂၀၀၂နေ့က တရားလို၏အဆိုလွှာကို စရိတ်နှင့်တကွ ပလပ်ခံခဲ့ရပြီး ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး(၁၁) ရုံး၏ တရားမအယူခံမှု အမှတ်(၁၁/၂၀၀၃)တွင်လည်း "တရားလိုနှင့်တရားပြိုင်များမှာ မအေတူဖအေကွဲမောင်နှမများဖြစ်ကြ၍ အမွေဆိုင်များဖြစ်ကြရာ ၎င်းတို့အချင်းချင်းသည် တစ်ဦးအပေါ်တစ်ဦး အခွင့်အမိန့်ရနေသူအဖြစ်ဖြင့် နှင်ထုတ်ပိုင်ခွင့်ရှိမည်မဟုတ်ပေ" ဟု ဆုံးဖြတ်ခါ၊ ၃-၄-၂၀၀၃နေ့က အယူခံမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။

ထို့ကြောင့် ဒေါ်ခင်မာသန်းဆွေက အဆိုပါတိုက်ခန်းနှင့် တိုက်ခန်းအတွင်းထားရှိသည့် ပစ္စည်းများအပေါ် ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး၊ ဥပဒေနှင့်အညီ တရားတစ်ထုံးစွဲဆို၍ တရားရုံးအဆုံးအဖြတ်ခံယူမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်းကို ကျွန်ုပ်၏အမှုသည် ဒေါ်ခင်မာသန်းဆွေ၏ သဘောတူခွင့်ပြုချက်မပါဘဲ မည်သူတစ်ဦးတစ်ယောက်ကမှ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း ပြုလုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မာသန်းဆွေ၏ တရားရုံးချုပ်ရှေ့နေ-
ဦးမင်းဆွေ (ဘီအေ၊ အာရ်အယ်လ်)
တရားရုံးချုပ်ရှေ့နေ(၁၇၇၀)
၈၃၊ အခန်း(၁၄)၊ ပန်းဆိုးတန်း၊ ရန်ကုန်မြို့။

ပန်းချီဆရာကြီး မောင်ဒီ ကိုယ်တိုင်သင်ကြားပေးသည်

မြန်မာတိုင်း(မ်)စာပတ်ပရိုသတ်သိသာရန်

မြန်မာတိုင်း(မ်)သတင်းနှင့် စီးပွားရေးဂျာနယ်အနေဖြင့် နိုင်ငံတကာအဆင့်မီသော အရည်အသွေးမြင့်မားသည့် ဂျာနယ်တစ်စောင်ကို ဖြစ်မြောက်အောင်မြင်အောင် အထွေထွေအခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်နေရပါသည်။ သို့ဖြစ်ရာလာမည့် စက်တင်ဘာလ ၁ ရက်နေ့မှစတင်၍ မြန်မာတိုင်း(မ်)သတင်းနှင့် စီးပွားရေးဂျာနယ်(မြန်မာ)စာစောင်ကို ယခင်ဈေးနှုန်း ကျပ် ၄၀၀ မှ ကျပ် ၅၀၀ သို့ မလွှဲမရှောင်သာဘဲ ပြင်ဆင်ပြောင်းလဲ သတ်မှတ်လိုက်ရပါသည်။ အင်္ဂလိပ်စာစောင်ကိုမူ ဈေးနှုန်းပြောင်းလဲခြင်း မရှိပါ။ လက်ရှိမှာယူထားသူများနှင့် အသစ်ဝယ်ယူ ဖတ်ရှုမည့်သူများ အားလုံးအနေဖြင့် ဩဂုတ်လ ၃၁ ရက်နောက်ဆုံးထား၍ မူလဈေးဟောင်းဖြင့် ငွေပေးသွင်းနိုင်ပါကြောင်း သိစေအပ်ပါသည်။

ကာသစ်ပန်း

ခြံအမှတ်(၁၂၇)၊ ဟံသာဝတီလမ်း၊ (၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာချက်

အထက်ဖော်ပြပါ မြေပိုင်မြေနှင့် ယင်းမြေပေါ်ပါ အကျိုးခံစားခွင့် အရပ်ရပ်အား ကျန်အမွေဆိုင်များက ဦးမင်းလွင်(ခ)တန်ချောင်ကီး[၁၂/ကမရ(နိုင်)၀၄၆၃၁၁]ထံသို့ မည်သည့်ကိုယ်စားလှယ်ပါဝါမျှပေးအပ်ထားခြင်းမရှိပါ။ ယင်းမြေကွက်နှင့်မြေကွက်ပေါ်ပါ အကျိုးခံစားခွင့်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ကျန်အမွေဆိုင်များအားလုံးသိရှိ သဘောတူညီခြင်းမရှိဘဲ ဦးမင်းလွင် တစ်ဦးတည်းက ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းနှင့် အခြားနည်းတစ်စုံတစ်ရာ ပြုလုပ်ပိုင်ခွင့် လုံးဝမရှိပါကြောင်း၊ ပြုလုပ်ပါကလည်း ပြုလုပ်သူ၏တာဝန်သာဖြစ်ပါကြောင်း ကြိုတင်သတိပေး ကြေညာအပ်ပါသည်။

ခြံအမှတ်(၁၂၇)၊ ဟံသာဝတီလမ်း၊ (၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ နေ (၁)ဦးကျော်လင်း(ခ)တန်ချောင်လင်း၊ (၂) ဦးကျော်မြင့် (ခ) တန်အဘင်း၊ (၃) ဦးကျော်လွင်(ခ)တန်အစွမ်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ခင်စန်းမြင့် B.A(Law)., LL.B
တရားရုံးချုပ်ရှေ့နေ
တိုက်(၁/၈)၊ မြကန်သာအိမ်ရာ
(၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၂၇၃၃၄၊ ၀၉ ၈၀ ၂၂၅၈၄။

ဗိုလ္ဆာ - အထူးကုဆေးခန်း

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၇၀
ကွယ်လွန်သူ ဦးသန်းအောင်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်သိန်းရှင် **လျှောက်ထားသူ**

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊(၅)ရပ်ကွက်၊ သုမန(၄)လမ်း၊ အမှတ်(၄၂၂) နေ ဒေါ်သိန်းရှင်[၁၂/သကတ(နိုင်)၁၀၇၃၅၃]က ကွယ်လွန်သူ ဦးသန်းအောင်၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ အထက်ပါနေရပ်နေ ၎င်းကွယ်လွန်သူ ဦးသန်းအောင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ ကြားသိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးသန်းအောင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၃ခုနှစ် ဩဂုတ်လ ၂၅ရက်(၁၃၆၅ခုနှစ် ဝါခေါင်လဆန်း ၁၃ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်သိန်းရှင်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ် ရသင့်၊ မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၃ခုနှစ် ဩဂုတ်လ ၁၁ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ပိုက်ပိုက်အေး(တ/၁၅၈၆)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ကြေညာချက်

အမည်ပြောင်းခြင်း

ကျေးဇူးဆပ်ပါမည်

Fork Lift Wheel Loader
- Fork Lift - (4 Tons - 7 Tons) - (၂)စီး
- Crane - (3 Tons - 5 Tons) - (၂)စီး
- Wheel Loader - (1 Tons - 3 Tons) - (၃)စီး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့်၅
မုံရွာခရိုင်တရားမရုံး၌
၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်-၁၀၁

ရာပြည့်အဆင့်မြင့်ငွေစုငွေချေးသမဝါယမ **နှင့်** ဦးတင်ဦးပါ-၄
အသင်းလီမိတက်(ဦးအောင်သောင်း
၎င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)
တရားလို **တရားပြိုင်များ**

(၁)တရားပြိုင် ဦးတင်ဦး၊ (၂) တရားပြိုင် ဒေါ်လှလှဝေ(အတူနေဇနီး)၊ မင်းလက်ဝါးလမ်း၊ ဇဒိုရပ်ကွက်၊ အလုံ၊ မုံရွာမြို့နယ်၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ရာပြည့်အဆင့်မြင့်ငွေစုငွေချေးသမဝါယမအသင်းလီမိတက်က အသင်းပိုင်ငွေများ အပြေအကျေပေးဆပ်စေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၃ခုနှစ် ဩဂုတ်လ ၂၉ရက်(၁၃၆၅ခုနှစ် တော်သလင်းလဆန်း ၃ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၃ခုနှစ် ဇူလိုင်လ ၁ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဌေးအောင်
(ဒုတိယခရိုင်တရားသူကြီး)
မုံရွာခရိုင်တရားရုံး။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်တရားမရုံး၌
၂၀၀၃ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၇၂
ကွယ်လွန်သူ ဦးခင်မောင်ရီ၌ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

မောင်သီဟကြည်ပါ-၃ **လျှောက်သူ**
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ်ဦးကြည်ရှိန်)
အမှတ်-၁၂၇၅၊ အောင်သုခ(၂၆)လမ်း၊
(၆)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်။

မောင်သီဟကြည်ပါ-၃ဦးက ကွယ်လွန်သူ ဦးခင်မောင်ရီ၏ တူများဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးခင်မောင်ရီမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးခင်မောင်ရီမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၃ခုနှစ် ဩဂုတ်၂၅ရက် (၁၃၆၅ခုနှစ် ဝါခေါင်လပြည့်ကျော်၁၃ရက်နေ့)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူမောင်သီဟကြည်ပါ-၃ဦး၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၃ခုနှစ် ဩဂုတ်လ၁၁ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အောင်မြင့်ကျော်(တ/၁၂၆၂)
B.A(Law);LL.B
ဒုတိယခရိုင်တရားသူကြီး။
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

အမည်ပြောင်းခြင်း

ဦးတင်လှ၏ သမီးဖြစ်သူ မဖြူဖြူခိုင် မှတ်ပုံတင်အမှတ် [၁၂/စခန(နိုင်)၀၆၁၃၇၁]အား ယနေ့မှစ၍ မကြည်စင်သန့်ဟု ပြောင်းလဲခေါ်ပါရန်။

မကြည်စင်သန့်။

တိုက်ခန်းရောင်းမည်

ပုဇွန်တောင်၊ ရေကျော်လမ်းမပေါ် ရေကျော်ဈေးအနီး၊ တတိယလွှာ၊ 16'x70'၊ ရေ၊ မီး၊ စုံ၊ ညှိနှိုင်း။

ဖုန်း-၀၉ ၅၀၀ ၂၂၀၉၊ ၂၉၇၉၆၁။

တိုက်ခန်းငှားမည်(ရေမီးအစုံ)

မြို့လယ်ကောင်စီးပွားရေး
ဈေးကွက် တိုက်သစ်
၁၅၁/၁၅၃- ၃၄ လမ်းမြေညီ
နံနက် ၉ နာရီမှ ၁၀ နာရီ
ညနေ ၄ နာရီမှ ၅ နာရီ။

MTAK Tourism Co., Ltd.

ရှုပါ(1)
TV-VIDEO
Ph-561095

အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်ညိုမိမိ [၁၂/သဃက (နိုင်) ၀၁၁၂၉၅]က ဒေါ်ခင်ခင်ဂျမ်း [၁၂/ရကန (နိုင်) ၀၅၆၃၂၇]အား စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၀၁၉/၂၀၀၂)ဖြင့် ၂၉-၁၀-၂၀၀၂ ရက်နေ့က လွှဲပေးခဲ့ပါသည်။

အဆိုပါအထွေထွေကိုယ်စားလှယ်လွှဲစာကိုယနေ့မှစ၍ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ညိုမိမိ
505 / Y.C.D.C
ရန်ကင်းစင်တာ-ရန်ကုန်။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၃၆၅/၃၆၇၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်။
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

အမွေပြတ်စွန့်လွှတ်ခြင်း

မောင်သန့်ဇော်ဝင်း(အိမ်တလုံးကျေးရွာနေသူ)သည် မိဘစကားမနာခံသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်မယူပါ။ **ဖခင်-ဦးစိုးဝင်း**
မိခင်-ဒေါ်ကျင်သိန်း။

သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊(၄၁၈/ခ)၊ကျန်စစ်သားလမ်းနေ ဦးလှရွှေ-ဒေါ်စန်းစန်းဌေးတို့၏ သားဖြစ်သူ မောင်အောင်ဇော်ဦး[၁၂/ဒဂမ(နိုင်)၀၀၄၅၈၆]သည်မိဘတို့အားအကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စ အဝဝကို လုံးဝ (လုံးဝ) တာဝန်မယူပါ။

အဘ-ဦးလှရွှေ[၁၂/ဒဂရ(နိုင်)၀၀၄၁၄၈]
အမိ-ဒေါ်စန်းစန်းဌေး
[၁၂/သဃက(နိုင်)၀၈၀၄၈၁]။

ခွေးရောင်းရန်ရှိသည်

မျိုးကောင်းမျိုးသန့် ရှီဇူးအစစ် (ခွေးပုအမွေးဖွား) သားပေါက်များ ရောင်းရန်ရှိသည်။ **တိုက်(၂/၁၀၃)၊ အနောက်အောင်မြေသာစည်အိမ်ရာ၊ ဆင်ရေတွင်း၊(၁)ရပ်ကွက်၊ ကမာရွတ်။**
ဖုန်း-၅၁၂၂၈၉။

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

မြေးဦးလေး **လပြည့်ဝန်း** Non Hone၏ ၁၅-၈-၂၀၀၃ ရက်နေ့တွင် ကျရောက်သော တစ်နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်းတို့နှင့်အတိ ပြည့်စုံသည့် ဘဝကိုပိုင်ဆိုင်လျက် ထူးချွန်ထက်မြက်လိမ္မာသော သမီးရတနာလေး ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်---။

ဘွားဘွား – **ဒေါ်မြင့်မြင့်ချို** **(Bangkok Thailand)**
ဖေဖေ – **°Mr.Sijarupong Kaosim (Managing Director,**
° More Express, Thailand)
မေမေ – **သီသီအေး** **(Bangkok,Thailand)**
ဦးဦး – **စောရန်နိုင်** **(Malaysia)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၃ – ၂၀၀၄ ပညာသင်နှစ်
လုပ်ငန်းခွင်အကြိုဆရာအတတ်သင်တန်း သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၀၃–၂၀၀၄ ပညာသင်နှစ်အတွက် ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြိုဆရာအတတ်သင်တန်း အမှတ်စဉ်(၈) သင်တန်းများဖွင့်လှစ်မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများ ပြည့်စုံရပါမည်–

(က) ၂၀၀၂ခုနှစ် (သို့မဟုတ်) ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ပြီး ရမှတ်စုစုပေါင်း (၂၈၀)ထက်မနည်းသူဖြစ်ရမည်။

(ခ) လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာမူရင်းနှင့် စာမေးပွဲအမှတ်စာရင်း၊ ဓာတ်ပုံမိတ္တူတို့ကို ပူးတွဲတင်ပြရပါမည်။

(ဂ) ၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ(၂၂)ရက်နေ့တွင် အသက်(၂၅)နှစ်ထက် မကြီးသူဖြစ်ရမည်။

(ဃ) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(င) မြန်မာနိုင်ငံအတွင်း ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) ရန်ကုန်၊ မန္တလေး၊ တောင်ငူ၊ ပုသိမ်၊ မော်လမြိုင်၊ တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ထားဝယ်၊ ကျောက်ဖြူ၊ စစ်ကိုင်း၊ ပခုက္ကူ၊ ပြည်၊ ဘိုကလေး၊ ဘားအံ၊ မိတ္ထီလာ၊ မြောင်းမြ၊ လှည်းကူး၊ သဃ်္ဃန်းကျွန်းမြို့များရှိ ပညာရေးကောလိပ်များတွင် တက်ရောက်နိုင်ရမည်။

(ဆ) သင်တန်းပထမနှစ်အောင်မြင်ပြီးသူအား ဆရာအတတ်သင်ပညာရေးလက်မှတ် (Sertificate in Education)ချီးမြှင့်ပြီး မူလတန်းပြဆရာ၊ ဆရာမအဖြစ်ခန့်ထားပေးမည်။ ဒုတိယနှစ် အောင်မြင်သူများအား ဆရာအတတ်ပညာဒီပလိုမာလက်မှတ် (Diploma in Teacher Education)ချီးမြှင့်ပြီး အလယ်တန်းပြ (မူလတန်းတာဝန်) သို့မဟုတ် မူလတန်းပြ ဆရာ/ဆရာမအဖြစ်ခန့်ထားပေးမည်။ ထူးချွန်သူများအား ပညာရေးဘွဲ့ (ဘီ၊ အီးဒီ) သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။

(ဇ) ပညာရေးကောလိပ် သင်တန်းတက်ရောက်နေစဉ်အတွင်း သင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်မပြုပါ။

(ဈ) ပထမနှစ်သင်တန်းကာလမှာ ၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ (၂၂)ရက်မှ ၂၀၀၄ခုနှစ် ဒီဇင်ဘာ (၂၂)ရက်နေ့အထိ ဖြစ်ပါသည်။

၃။ လူတွေ့နှုတ်ဖြေ ဖြေဆိုရမည့်ရက်ကို သက်ဆိုင်ရာပြည်နယ်/တိုင်းနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် ထပ်မံကြေညာပါမည်။

၄။ လျှောက်ထားသူ၏ မိဘနှစ်ပါး(သို့မဟုတ်)မိဘတစ်ဦးဦးသည် နိုင်ငံတော်အစိုးရဌာနတစ်ခုခုတွင် ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာကို သင်တန်းဝင်ခွင့် လျှောက်လွှာပုံစံနှင့်အတူ ပူးတွဲတင်ပြရပါမည်။

၅။ လျှောက်ထားသူသည် ပူးတွဲပါသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းထားသော လျှောက်လွှာပုံစံတွင် ခြောက်လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ (မျက်မှန်တပ်သူဖြစ်ပါက မျက်မှန်နှင့် ဓာတ်ပုံတစ်ပုံ၊ မျက်မှန်မပါဘဲတစ်ပုံ)ကို ကပ်၍ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာပြည်နယ်/တိုင်း ပညာရေးမှူးရုံး (သို့မဟုတ်) တွဲဖက်ပြည်နယ်/တိုင်းခွဲ ပညာရေးမှူးရုံးသို့ ၂၀၀၃ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက်နေ့ထက်နောက်မကျစေဘဲ ပေးပို့ရပါမည်။

ဘိုဝင်း
ညွှန်ကြားရေးမှူးချုပ်

၂၀၀၃ – ၂၀၀၄ ပညာသင်နှစ်
လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်း အမှတ်(၈/၂၀၀၃)
သင်တန်းဝင်ခွင့်လျှောက်လွှာ
[၂၀၀၂/၂၀၀၃ခုနှစ် (*သိပ္ပံ/ဝိဇ္ဇာ)တွဲ]

ဓာတ်ပုံ

၁။ **လျှောက်ထားသူ၏အကြောင်းအရာ**

အကြောင်းအရာ	**အမည်**	**နိုင်ငံသား(သို့မဟုတ်)နိုင်ငံခြားသား စိစစ်ရေးကတ်ပြားအမှတ်**	**ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း**
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ်-----ခုနှစ်--------လ------ရက်
၃။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနနှင့်ပြည်နယ်/တိုင်း-----
----------------------အောင်မြင်ခဲ့သည့်ခုနှစ်---------
အောင်မြင်ခဲ့သည့်ဘာသာတွဲ-----------ရမှတ်စုစုပေါင်း--------
၄။ အိမ်ထောင် ရှိ/မရှိ (ရှိပါက) ဇနီး/ခင်ပွန်းအမည်--------------
နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်---------------------
၅။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ----------------------------

၆။ မူလတန်းအဖြစ်ခန့်ထားပါက မြန်မာနိုင်ငံအတွင်း နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ-------------------------
ရက်စွဲ။ – – ၂၀၀၃

လျှောက်ထားသူ လက်မှတ်

မှတ်ချက်။ * မိမိနှင့်မသက်ဆိုင်သည့် တက္ကသိုလ်ဝင်တန်းအောင်သော ခုနှစ်/ဘာသာတွဲကို မျဉ်းသား၍ခြစ်ရန်။

မဟာစည် ဟိတေသီအဖွဲ့

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဟိတေသီအဖွဲ့၏ (၃၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို (၁၃၆၅ခုနှစ် တော်သလင်းလဆန်း ၅ရက်) ၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့) မွန်းလွဲ(၁)နာရီတွင် ဟိတေသီဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဟိတေသီအဖွဲ့သို့ အကြံဉာဏ်များပေးပို့လိုသော အဖွဲ့ဝင်များသည် ၂၀-၈-၂၀၀၃နေ့ နောက်ဆုံးထား၍ အဖွဲ့အတွင်းရေးမှူးထံ ပေးပို့နိုင်ပါသည်။

ဟိတေသီအမှုဆောင်အဖွဲ့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ကြော်ငြာစာအမှတ် (၄/၂၀၀၃)
၂၀၀၃ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်
လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရန်ကုန် ပုံနှိပ်စက်ရုံများတွင် လစ်လပ်လျက်ရှိသော အောက်ပါရာထူးနေရာများအတွက် ဝန်ထမ်းများ အလိုရှိပါသည်။

ရာထူး/လစာနှုန်း	**ပညာအရည်အချင်း**	**လိုအပ်သည့် အရေအတွက်**
(က)လုပ်သား(စက်) (၃၀၀၀-၁၀၀-၃၅၀၀)	-အခြေခံပညာအထက်တန်း အဆင့်ထိပညာသင်ကြားဖူးရမည်။	၅၀ဦး
(ခ)စက်မှုကျွမ်းကျင်-၅ (စက်မှု/လျှပ်စစ်) (၃၆၀၀-၁၀၀-၄၁၀၀)	-T.H.S အောင်မြင်ရမည် (စက်မှု/လျှပ်စစ်)	၁၀ဦး
(ဂ)ယာဉ်မောင်း-၅ (၃၆၀၀-၁၀၀-၄၁၀၀)	-ယာဉ်မောင်းလိုင်စင်(အနက်) ရှိရမည်။ အခြေခံပညာအလယ်တန်း အဆင့်အထိ သင်ကြားဖူးသူဖြစ်ရမည်။	၁၀ဦး

မှတ်ချက်။ ▪ ခန့်အပ်ခံရသူသည် လုပ်ငန်းဌာနမှလစဉ်ပေးသည့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ရရှိမည်။

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁-၇-၂၀၀၃ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ရာထူးအားလုံးအတွက် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) အလုပ်သမား (လေဘာ)မှတ်ပုံတင်လက်မှတ် တင်ပြရမည်။

(ဃ) ဒေသမရွေးစေလွှတ်ပါက တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ အထက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသားမှတ်ပုံတင်၊ လေဘာ၊ ကျောင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီထောက်ခံချက်များနှင့်အတူ **ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အမှတ်(၃၇၉/၃၈၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့သို့ ၃၁-၈-၂၀၀၃နေ့ အရောက် ပေးပို့လျှောက်ထားနိုင်ပါသည်။**

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့်ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)
ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၃ – ၂၀၀၄ ပညာသင်နှစ်အတွက် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)ပထမနှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆိုအောင်မြင်ရမည်။

(ခ) ပညာသင်နှစ်စတင်သည့်နေ့၌ အသက်(၂၀)နှစ်ထက်မကျော်စေရ။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါချွတ်ယွင်းမှုမရှိစေရ။

(ဃ) အနုပညာဝါသနာပါသူဖြစ်ရမည်။

၂။ ယဉ်ကျေးမှုတက္ကသိုလ်တွင် သင်ကြားမည့် အထူးပြုဘာသာရပ်များမှာ–

(က) ဂီတပညာ

(ခ) သဘင်ပညာ

(ဂ) ပန်းချီပညာ

